ကြေးမုံ
The Mirror Daily
Established in 1957

> **ကြီးမားသောအကျိုးကိုရနိုင်**
> အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။
> လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday 24 December 2019 ၉၈၇၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative ဖြစ်သူ Mr. Yamaguchi Natsuo အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative ဖြစ်သူ Mr. Yamaguchi Natsuo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရော့မာရုယာမနှင့်အတူ ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် (၅၄) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်သို့ လာရောက်တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံ ဆက်ဆံရေး ဆက်လက်တိုးမြှင့်သွားရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရေး၊ မြန်မာပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများ ဆက်လက်ပံ့ပိုးကူညီသွားရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ဆက်လက်အကူအညီပေးအပ်သွားရေးနှင့် ရခိုင်ပြည်နယ် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

## လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် ကိုရီးယားသမ္မတနိုင်ငံက ဒေါ်လာ ၃၅ သန်းကျော် ရင်းနှီးမြှုပ်နှံ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကိုရီးယားသမ္မတနိုင်ငံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၅ သန်းကျော် ရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

ကိုရီးယားသမ္မတနိုင်ငံ MCM Power Company မှ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတောင်ကျေးရွာရှိ ရွှေတောင်ဓာတ်အားပေးစက်ရုံတွင် IPP (BOT) စနစ်ဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

## ကြေးမုံ ယနေ့ ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ » ၈

အလေးအနက်ပြုရမည့် မြန်မာ့လွတ်လပ်ရေးနေ့ သန္နိဋ္ဌာန်
ဆောင်းပါး စာမျက်နှာ » ၆

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# ပြည်တွင်းထွက်သီးနှံကို အားပေးပါ

မြို့တော်ကြီးများနှင့် လူစည်ကားရာနေရာများတွင် အသီးအနှံရောင်းချသော အရောင်းဆိုင်တို့၌ နိုင်ငံခြားဖြစ် သီးနှံမျိုးစုံတို့မှာ ဈေးကွက်တွင် ရောင်းအားကောင်း၊ ရောင်းပန်းလှပြီး နေ့စဉ်အလုပ်ဖြစ်နေသည်ကို တွေ့ရသည်။

နိုင်ငံခြားဖြစ် ကုန်ပစ္စည်းများကို မက်မောကြသော မြန်မာတို့အဖို့ ပြည်ပမှတင်သွင်းသော အသီးအနှံအပင်များကိုလည်း နှစ်ခြိုက်ကြသည်မှာ အလေ့အထသဘောပင်ဖြစ်နေ၍ ထူးထူးဆန်းဆန်းမဟုတ်ပေ။ နိုင်ငံခြားဖြစ် အသီးအနှံအပင်တို့မှာ မြန်မာများမက်မောလောက်စရာ ထင်ရလောက်အောင် အရောင်အသွေးစုံလင် ဖွံ့ထွားလှပပါသည်။ အသီးအနှံအပင်များကို မည်သို့စီမံဖန်တီးထားသည်ကို မသိရသော်လည်း ခံတွင်းတွေ့ချိုမြိန်တင့်တယ်ဟန် မက်မောဖွယ်ရှိ၍ စားသုံးသူများအဖို့ ကျေနပ်ဖွယ်ဖြစ်သည်။

နိုင်ငံခြားယဉ်ကျေးမှုစီးကြောင်းများနှင့် အလေ့အထဖြစ်နေသော မြန်မာနိုင်ငံအဖို့ နိုင်ငံခြားပစ္စည်းကိုမက်မောသည်မှာ အဆန်းတကြယ် မဟုတ်တော့သည့်အခါ၌ ပြည်တွင်းက အရည်အသွေးမမီသဖြင့် စက်မှုထုတ်ကုန်၊ နည်းပညာထုတ်ကုန်တို့ကို ပြည်ပကိုအားကိုးရသည်မှာ လက်ခံနိုင်ဖွယ် အကြောင်းရှိသည်။ ပြည်တွင်း၌ စိုက်နိုင်၊ ပျိုးနိုင်သော မြေလည်းရှိသည်။ လုပ်နိုင်၊ ကိုင်နိုင်သော လုပ်အားလည်းရှိပါလျက် အများတန်းတူ ဈေးကွက်မဝင်နိုင်သည်မှာ အံ့သြစရာဖြစ်နေသည်။

ထိုကဲ့သို့ ဖြစ်ရခြင်းအကြောင်းရင်းကို ခန့်မှန်းကြည့်မည်ဆိုပါက စိုက်နိုင်၊ ပျိုးနိုင်သော မြေဆီသြဇာကောင်းများရှိသော်လည်း၊ စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လူ့အရင်းအမြစ်များရှိသော်လည်း နည်းပညာနှင့် အရင်းအနှီး မပြည့်စုံမှုကြောင့် တန်ဖိုးမြင့်စိုက်ပျိုးထုတ်ကုန်များ မထုတ်လုပ်နိုင်ဘဲ နိုင်ငံခြားအမည်ခံရောင်းပန်းလှသော အသီးအနှံအပင်များ အလုပ်ဖြစ်ကြခြင်းဟု တွက်ဆရမည်ဖြစ်သည်။ အခြားအကြောင်းတစ်ချက်မှာ ပြည်တွင်းမှ သီးနှံများ ဖွံ့ထွားအောင်မြင်ရေးအတွက် ဓာတုပစ္စည်းများအသုံးပြုကြသောကြောင့် တစ်ကြိမ်သာဖွံ့ထွားပြီး နောက်တစ်ကြိမ်တွင် အသီးအနှံဆုတ်ပြန်သဖြင့် ငွေကုန်ကြေးကျသံသရာတွင် လည်နေရသည့်အပြင် ကျန်းမာရေးနှင့် မညီသောအသီးအနှံဖြစ်ခြင်းလည်း အကြောင်းရှိဟန်တူသည်။

ပြည်ပမှ ထုတ်လုပ်သည့် စိုက်ပျိုးရေးထုတ်ကုန်များကို မည်သည့်နည်းဖြင့် ထုတ်လုပ်သည်မသိသော်လည်း အရည်အသွေးစံချိန်စံညွှန်း မြင့်မားသည့် ထုတ်ကုန်များဖြစ်အောင် ထုတ်လုပ်နိုင်သည်မှာ တစ်ပန်းသာသည့် အချက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အရေးတကြီးလိုအပ်ချက်ဖြစ်သည့် အစားအစာဘေးကင်းလုံခြုံရေး၊ အရည်အသွေးမြင့်မားရေးကို အလေးထားလာသောအခါ မြန်မာနိုင်ငံတွင်လည်း အော်ဂဲနစ်သီးနှံ၊ အရည်အသွေးမြင့် သီးနှံများကို နည်းလမ်းရှာဖွေလုပ်ကိုင်လာကြသည်။

မြန်မာနိုင်ငံ စိုက်ပျိုးထုတ်ကုန်ဈေးကွက်အဖို့ တန်းတူနီးပါးသင့်တင့်လျောက်ပတ်သည့် အရည်အသွေးရရှိလျှင်ပင် အလုပ်ဖြစ်နိုင်သည်ဖြစ်၍ ရေရှည်တည်တံ့သည့် လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေပြီး လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဈေးကွက်ရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးနည်းပညာများ ခေတ်နှင့်အညီရရှိနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ်ရရှိအောင် သီးနှံအလိုက်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးပါဝင်သည့် စိုက်ပျိုးရေးစုံညီပွဲတော်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် အင်းခေါင်းကျေးရွာ ဟဲဟိုးဥယျာဉ်ခြံ၌ ကျင်းပနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည့် အချိန်အခါတွင် စိုက်ပျိုးရေးဆိုင်ရာ အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည့် ရှမ်းပြည်နယ်တွင် ပထမဆုံးအကြိမ်ပြုလုပ်သော စိုက်ပျိုးရေးစုံညီပွဲတော်မှနေ၍ ပြည်တွင်းမှ စားသုံးသူပြည်သူများအတွက် နှစ်သက်ဖွယ်ရာ အသီးအနှံများ တိုးတက်ဖြစ်ထွန်းလာနိုင်ဖွယ်ရှိရာ ဈေးနှုန်းသင့်တင့်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပြည်တွင်းဖြစ်သီးနှံများကို ပိုမိုအားပေးလာကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၂၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပသည့် ၂၀၁၉ ခုနှစ် ပရိယတ္တိစာမေးပွဲများတွင် ဓမ္မာစရိယသုံးကျမ်းပြီး စာအောင် ၁၀၁၄ ပါး၊ ပါဠိဂုဏ်ထူးအောင် လေးပါး၊ မြန်မာဂုဏ်ထူးအောင် ခုနစ်ပါး၊ ဓမ္မာစရိယနှင့် ပါဠိ ပထမပြန် အထူးအောင် အပါး၂၀၊ နိကာယ်စာမေးပွဲတွင် အထူးအောင် အပါး ၂၀၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ (ပထမ၊ ဒုတိယ၊ တတိယ) ရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းမည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ဆက်ကပ်ပေးပို့မည်ဖြစ်ပါသည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတွင် ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်အပ်ပါသည်။

သာသနာရေးဦးစီးဌာန

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်အေးသန်းသည် ရုံးအဖွဲ့မှူး ဦးရဲလွင်၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးသည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိ မရှိ၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ အသက်မွေးမှုအတတ်ပညာ သင်ကြားပေးမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

သတင်းစဉ်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၅၈၆ | ၆,၆၉၃,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၆၉ | ၁၄,၇၀၂,၂၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၄ | ၁၉၆,၈၀၀ |
| FPB | ၂၃,၀၀၀ | ၂၂,၅၀၀ | ၄၅၀ | ၁၀,၁၅၀,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၀၁ | ၂,၉၀၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၃

ရန်ကုန်(ရွှေဈေး) ၁၁၈၄၀၀၀ မန္တလေး(ရွှေဈေး) ၁၁၈၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၅ကျပ် | ၉၇၀/၉၈၀ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၅ကျပ် | ၁၀၃၅ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၀/၈၈၅ ကျပ် | ၉၂၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၅ ကျပ် | ၉၈၀/၉၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅၊ ၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅၊ ၈၉၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၆.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၉.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၃.၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၆၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၈.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၆၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၃.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## လက်ခံတွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative ဖြစ်သူ Mr. Yamaguchi Natsuo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်း-ရွှေဖုံး



# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ အစီရင်ခံစာပြုစုရေးအတွက် အကြံပြုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ၏ အစီရင်ခံစာပြုစုရေးအတွက် အကြံပြုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁ဝ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် I-20 ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က အပြီးသတ်အစီရင်ခံစာဟု ပြောရမည့် နောက်ဆုံးတတိယအကြိမ် အစီရင်ခံစာမူကြမ်းတစ်ခုကို ရေးပြီးဖြစ်ပါကြောင်း၊ ယခုတတိယမူကြမ်းကိုလည်း မိမိအပါအဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်တို့နှင့်အတူ တည်းဖြတ်သင့်သည့်ကိစ္စများကို တည်းဖြတ်ထားပြီး ယခုအစည်းအဝေးတွင် တင်ပြမည်ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့်နောက်ဆုံးတတိယမူကြမ်းကိုပြင်စရာရှိပါက ထပ်မံပြင်ပေးစေလိုပါကြောင်း၊ ဖြည့်စွက်စရာရှိပါကလည်း ဖြည့်စွက်ပေးစေလိုပါကြောင်း၊ အပြီးသတ်အစီရင်ခံစာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ သို့ပါ၍ တတိယမူကြမ်းကို အပြီးသတ်ပြင်ဆင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်မြင့်က အစီရင်ခံစာမူကြမ်းအား ပရိုဂျက်တာဖြင့် တစ်ပိုဒ်ချင်းစီ ရှင်းလင်းပြသသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက အဆိုပါမူကြမ်းအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့်အချက်တို့ကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ (၂) ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာညီလှုငယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ (၅/၂၀၁၉) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ကော်မတီ၏ (၃/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နေမှုနှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်မူကြမ်း ပေါ်ပေါက်လာပုံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များက အမျိုးသားအဆင့်လုပ်ငန်းစီမံချက်မူကြမ်းကို ဖြည့်စွက်အကြံပြုဆွေးနွေးကြပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အား အတည်ပြုကြသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ ကျောဖုံးမှ

အခမ်းအနားအစီအစဉ်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကိုစစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းယမင်းအဥ္ဇလီအား ဆုပေးအပ်ချီးမြှင့်သည်။

**လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် မိမိတို့တပ်မတော်အနေဖြင့် "နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်း (အရာရှိ)များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်" ဆိုသည့်ရည်ရွယ်ချက်ဖြင့် အမျိုးသမီးဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့များတွင် အမျိုးသမီးစစ်မှုထမ်းများကို ခန့်အပ်တာဝန်ပေးအပ်နိုင်စေရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စွမ်းရည်ထက်မြက်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောမျိုးချစ်တပ်မတော်အဖြစ် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေချိန်တွင် အမျိုးသမီးစစ်သည်များကိုလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် အမျိုးသားစစ်သည်များနှင့် တန်းတူ ဆောင်ရွက်နိုင်ရေး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်တွင် များစွာအရေးပါခဲ့သည်ကို တွေ့ရပြီး ယနေ့ခေတ်တွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များသာမက အာကာသသိပ္ပံနယ်ပယ်အထိ အမျိုးသားများနှင့် တန်းတူ ရင်ပေါင်တန်းပြီး အမီလိုက်ခဲ့ကြကြောင်း၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် ယခင်ခေတ်ကာလများထက် ပိုမိုတွင်ကျယ်လာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်အမျိုးသမီးစစ်မှုထမ်းများအနေဖြင့် အစဉ်အလာကောင်းများထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံတော်အတွက်ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

**ကျရာအခန်းကဏ္ဍမှပါဝင်**

အမျိုးသမီးစစ်မှုထမ်းအရာရှိများအဖြစ် တာဝန်ထမ်းဆောင်သွားကြမည့်သူများအနေဖြင့် မိမိတို့တပ်မတော်တွင် ထူးချွန်ပြောင်မြောက်သည့် အမျိုးသမီးစစ်မှုထမ်းများစွာပေါ်ပေါက်ခဲ့ပြီး အဆင့်၊ ရာထူးအမျိုးမျိုးနှင့် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသကဲ့သို့ သင်တန်းဆင်းအမျိုးသမီးစစ်မှုထမ်းအရာရှိများအနေဖြင့်လည်း ပေးအပ်လာမည့်တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်သွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ်နှင့်အညီ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်း၊ နည်းလမ်းများအပြင် စစ်သည်တော်ကျင့်ဝတ်အပါး(၆၀)နှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန်၊ မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်ရာဒေသ၌ တိုင်းရင်းသားပြည်သူတို့၏ အကျိုးကို ဖော်ဆောင်ရာတွင် ကျရာအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး တပ်တည်ဆောက်ရေးလုပ်ငန်းကြီးလေးရပ်၊ တပ်မတော်၏အဓိကလုပ်ငန်းကြီး သုံးခုနှင့်အညီ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်၊ သင်တန်းက သင်ကြားပေးလိုက်သည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ပညာရပ်များနှင့် ခေါင်းဆောင်မှုအင်္ဂါရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားပြုရသည့်အမျိုးသမီးအရာရှိကောင်းများဖြစ်လာရန် ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းယမင်းအဥ္ဇလီ၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအေးထက်ထက်လှိုင်နှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံ၊ အဆင့်မြင့်ရောဂါရှာဖွေရေးနှင့် ကင်ဆာရောဂါကုသဆောင် သုံးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်နှင့်ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative ဖြစ်သူ Mr. Yamaguchi Natsuo အား ရန်ကုန်မြို့ရှိ ဗေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အင်းလေးကန် အနောက်ပတ်လမ်းအား ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ဖောင်တော်ဦးမြတ်စွာဘုရားကိန်းဝပ်စံပယ်တော်မူသည့် အင်းလေးကန် အနောက်ပတ်လမ်း ၂၆ မိုင်ကို ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းသည် ယခင်က လမ်းမပေါက်သေးသည့် အင်းလေးကန် အနောက်ဘက်တစ်လျှောက် ဖောက်လုပ်ထားသည့် အင်းလေးကန် အနောက်ပတ်လမ်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ တောင်ကြီးခရိုင် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးမိုင်သုံးဖာလုံ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးမိုင် ခုနစ်ဖာလုံတို့ကို ကတ္တရာလမ်းအဆင့်အထိ ဖောက်လုပ်ပေးခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးမိုင် ခုနစ်ဖာလုံကို ကတ္တရာလမ်းအဆင့်ရောက်သည်အထိ ဖောက်လုပ်သွားမည်ဟု သိရသည်။

အဆိုပါလမ်းမှာ တောင်လေးလုံး-ခေါင်တိုင်မှစတင်ပြီး ခေါင်တိုင်မှ အင်းတိမ်၊ အင်းတိမ်မှ မှော်ဘီအထိ ၂၆ မိုင် ရှိသည်။ ညောင်ရွှေ-မှော်ဘီ-ပင်လောင်းလမ်းတို့နှင့် ဆက်သွယ်ပေးမည့် ကျေးလက်လမ်းဖြစ်သည်။ အဆိုပါလမ်းပြီးစီးသွားလျှင် အင်းလေးကန်ဒေသမှ ကျေးရွာ၂၄ ရွာ၊ အိမ်ခြေ ၂၂၄၃ အိမ်၊ ကျေးလက်လူဦးရေ ၁၀၆၆၉၈ ဦးတို့အား အကျိုးပြုမည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## ပျူဖတ်စာနှင့် ပျူသုတေသန ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပျူစာပေဆိုင်ရာ သုတေသနလေ့လာတွေ့ရှိချက်အသစ်များကို လက်ဆင့်ကမ်းမျှဝေနိုင်ရန်အတွက် ပျူစာပေဆိုင်ရာ ပြည်တွင်း/ပြည်ပ သုတေသီပညာရှင်များ ပူးပေါင်းပါဝင်သော ပျူဖတ်စာနှင့် ပျူသုတေသန ဆွေးနွေးပွဲကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရန်ကုန်ဌာနခွဲ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့မှ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ အယ်ဒီတာချုပ်နှင့် စာတည်းမှူးများ၊ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ရှေးဟောင်းစာပေလေ့လာသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့မှ ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်နှင့် တူးဖော်မှု-ရှေးပစ္စည်း-ကမ္ပည်းကျောက်စာဌာနခွဲ (နေပြည်တော်)၊ ရန်ကုန်ဌာနခွဲ၊ ကမ္ဘာ့အမွေအနှစ်ဒေသဌာနခွဲရှိ သရေခေတ္တရာအမွေအနှစ်ဒေသဌာနစု၊ ပုဂံအမွေအနှစ်ဒေသဌာနစု၊ မြောက်ဦးအမွေအနှစ်ဒေသဌာနစုနှင့်ဦးစီးဌာနရှိ ဌာနခွဲအသီးသီးတို့မှ ကမ္ပည်းကျောက်စာလေ့လာသူ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ပျူစာပေနှင့်အက္ခရာပညာရှင် Mr. Mickey Heart က နဝဝိ စာရဏပျူ(NAVAVICARANA)ဟူသော ခေါင်းစဉ်ဖြင့် ၎င်းလေ့လာရေးသားပြုစုထားသော ပျူဖတ်စာနှင့် ပျူသုတေသနပြုတွေ့ရှိချက်များကိုလည်းကောင်း၊ Mr. Terence Tan က "Ancient Beads and Ornaments from Southern Silk Road" ခေါင်းစဉ်ဖြင့် ၎င်းသုတေသနပြုတွေ့ရှိချက်များကိုလည်းကောင်း တင်ပြဆွေးနွေးကာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ကြေးမုံ**



## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ၁၃၈၁ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏လှူဒါန်းငွေကျပ်သိန်းတစ်ရာကို အလှူရှင်များကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိ (ဒုတိယတန်း) စစ်ရေး ဗိုလ်မှူးမျိုးသန့်က ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၆) ကြိမ်မြောက် မီးယပ်ဆိုင်ရာဆီးလမ်းကြောင်း ခွဲစိတ်ကုသမှုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဆေးတက္ကသိုလ်-၁ (ရန်ကုန်)သားဖွားမီးယပ်ပညာဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)နှင့် ဩစတြေးလျနိုင်ငံ မီးယပ်ဆိုင်ရာဆီးလမ်းကြောင်း ခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (၆) ကြိမ်မြောက် မီးယပ်ဆိုင်ရာဆီးလမ်းကြောင်းခွဲစိတ်ကုသမှု အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) အဆင့်မြင့်ငါးထပ်ဆောင်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)ဆေးရုံအုပ်ကြီး၊ မီးယပ်ဆိုင်ရာဆီးလမ်းကြောင်းကုဌာန(သားဖွားမီးယပ်) ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်၊ ဆေးတက္ကသိုလ်-၁ (ရန်ကုန်) သားဖွားမီးယပ်ပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာနွယ်မာထွန်းနှင့် ဩစတြေးလျနိုင်ငံ မီးယပ်ဆိုင်ရာဆီးလမ်းကြောင်း ခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့ ခေါင်းဆောင် Prof: Dr. Judith Goh တို့က အမှာစကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဩစတြေးလျနိုင်ငံ မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းခွဲစိတ်အထူးကုဆရာဝန်ကြီးများက ဆရာဝန်များနှင့် သူနာပြုသားဖွားဆရာမများအား မီးယပ်ဆိုင်ရာဆီးလမ်းကြောင်း ခွဲစိတ်ကုသမှုအမျိုးမျိုးကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃၊ ၂၄၊ ၂၇ ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီး မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းပြဿနာများမှ တစ်ခုဖြစ်သော မီးဖွားစဉ် ဆီးအိမ်ထိခိုက်မိခြင်းကြောင့် ဆီးယိုဆင်းခြင်းအတွက် ထိရောက်သောကုသမှုများပေးနိုင်ရန်၊ မီးဖွားစဉ် မွေးလမ်းကြောင်း ဒဏ်ရာရခြင်းအား အခြေခံကျန်းမာရေးဝန်ထမ်းများဖြစ်သော သားဖွားဆရာမများက မှန်ကန်ထိရောက်စွာ ကုသမှုပေးနိုင်စေရန်၊ လွှဲပြောင်းကုသရန်လိုသော လူနာများ ဆက်လက်ကုသနိုင်ရန် ကျွမ်းကျင်သော ဆရာဝန်များထံ မည်သည့်အဆင့်တွင် လွှဲပြောင်းရမည့်အကြောင်း သားဖွားဆရာမများ သိရှိနိုင်ရန်၊ သားအိမ်နှင့် မွေးလမ်းကြောင်း လျှောချခြင်းကုထုံးဖြစ်သည့် ပြန်လည်ပင့်တင်ပေးသည့် ကွင်းအမျိုးမျိုးဖြင့် ကုသခြင်းကို ပိုမိုကျွမ်းဝင်လာစေရန်နှင့် အခြားမီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါများနှင့်စပ်လျဉ်းသည့် ခေတ်မီကုထုံးများကို ပိုမိုကျွမ်းဝင်တတ်မြောက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



မြန်မာ-ဩစတြေးလျနိုင်ငံတို့မှ မီးယပ်သားဖွား၊ ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုဆရာဝန်ကြီးများက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့်ရက်များတွင် မီးယပ်၊ သားဖွား၊ ဆီးလမ်းကြောင်းရောဂါ လူနာ ၂၄ ဦးတို့အား ခွဲစိတ်ကုသပေးမှုကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် ပါမောက္ခ အထူးကုဆရာဝန်ကြီးများက အပတ်စဉ် အင်္ဂါနေ့တွင် မီးယပ်သားဖွားဆိုင်ရာဆီးလမ်းကြောင်းရောဂါလူနာများအား ပြင်ပလူနာဌာန၌ ကြည့်ရှုကုသပေးလျက်ရှိပြီး ခွဲစိတ်ကုသရမည့် လူနာများအား ကြာသပတေးနှင့် သောကြာနေ့များတွင် ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ရီရီမြင့်**



# အလုံလမ်းဘူတာ ရထားလမ်းခုံးကျော်တံတား တည်ဆောက်မှု လျာထားချက်ထက် တတ်စွမ်းသမျှပြီးစီးရန် ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် အဓိကကားလမ်းခုံးကျော်တံတားတစ်စင်းဖြစ်သော အလုံဘူတာခုံးကျော်တံတားကို ယခုနှစ်မှစတင်၍ အသစ်တည်ဆောက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မေလတွင်ပြီးစီးရန် လျာထားသော်လည်း မြန်ဆန်စွာပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၃၈ ဘူတာရှိပြီး လူကူးခုံးကျော်တံတား ၃၅ ခုရှိရာ လိုအပ်သောနေရာတို့တွင် ခုံးကျော်တံတား ၃၅ ခု ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ မြို့ပတ်ရထားလမ်း၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်းများမှာ ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ပြီး အချက်ပြစနစ်များ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံမှ DEMU ရထားတွဲဆိုင်းအသစ်များ ရောက်ရှိမည်ဖြစ်ပြီး လူကူးခုံးကျော်တံတားများ တည်ဆောက်မှုကိုလည်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းပြေးဆွဲချိန်သည် ၂ နာရီ မိနစ် ၅၀ ကြာမြင့်ပြီး လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့် ခုံးကျော်တံတားများ တည်ဆောက်မှုပြီးစီးပါက မြို့ပတ်ရထားအသစ်များဖြင့် ပြေးဆွဲမှုသည် ၁ နာရီ မိနစ် ၅၀ သာ ကြာမြင့်မည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ယာဉ်အသုံးပြုမှု နှစ်စဉ်တိုးပွားမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများလည်း ရှိလာသောကြောင့် မြို့တစ်ပတ်ရထားစီးနင်းမှုသည် ယခင်ထက် အချိန်သက်သာသွား၍ ခရီးသွားပြည်သူများအား မြန်ဆန်စွာဝန်ဆောင်မှုပေးနိုင်ရန် ကားလမ်းကူးခုံးကျော်တံတားနှင့် လူကူးခုံးကျော်တံတားတို့ကို သတ်မှတ်ကာလထက် အရည်အသွေးပြည့်မီစွာဖြင့် မြန်ဆန်စွာပြီးစီးရန် မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ - သစ္စာ**

❒ **ရှေ့ဖုံးမှ**

မဂ္ဂါဝပ် ၄၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မဂ္ဂါဝပ် ၄၀ ထုတ်လုပ်**

"လျှပ်စစ်ကဏ္ဍမှာ အခုနောက်ဆုံးခွင့်ပြုခဲ့တာကတော့ ပြည်မြို့နယ် ရွှေတောင်စက်မှုဇုန်မှာရှိတဲ့ ဂက်စ်တာဝါတိုင်ဖြစ်ပါတယ်။ မဂ္ဂါဝပ် ၄၀ ထုတ်လုပ်တာ ဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပါပါတယ်။ ဆက်လက်ပြီးတော့လည်း လျှပ်စစ်ကဏ္ဍမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆက်ပြီးတင်ပြဦးမယ့် ပရောဂျက်တွေရှိပါသေးတယ်"ဟု ဦးသန့်စင်လွင်က ပြောသည်။

ထို့ပြင် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာကုမ္ပဏီများ စိတ်ဝင်စားလျက်ရှိပြီး ယင်းနိုင်ငံများမှာ ဟောင်ကောင်၊ စင်ကာပူနှင့် တရုတ်တို့ ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

"ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်နိုင်ငံတွေက လျှပ်စစ်နဲ့ပတ်သက်လို့ ရှိပြီးသား တာဘိုင်စက်တွေကို အဆင့်မြှင့်စက်တွေနဲ့ လဲလှယ်ပြီးတော့မှ လျှပ်စစ်အားပိုထွက်အောင် ယခင်မဂ္ဂါဝပ် ၂၀ ထွက်တယ်။ သုံးတဲ့လျှပ်စစ်ကုဗပေ ယူနစ်က ဒီလောက်ပဲ။ ဒါပေမယ့် အခုဒီစက်ကြီးပြောင်းလဲပြီးတပ်ဆင်လိုက်မယ်ဆိုရင် လျှပ်စစ်ကနှစ်ဆ၊ သုံးဆလောက်ပိုထွက်လာမယ်"ဟု ဦးသန့်စင်လွင်က ပြောသည်။

**ဒေါ်လာ သန်း ၅၀၀ ကျော်ရင်းနှီးမြှုပ်နှံ**


လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍကိုအားပေးနေခြင်းကြောင့် ယခုလဆန်းပိုင်းတွင်လည်း ရန်ကုန်နှင့်ကျောက်ဖြူတွင် LNG ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် ဟောင်ကောင်မှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။


အဆိုပါ LNG စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် သာကေတ ဓာတ်အားပေးစက်ရုံတွင် ဟောင်ကောင် CNTIC Vpower ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၃၆၃ ဒသမ ၀၇၀ သန်း ရင်းနှီးမြှုပ်နှံပြီး IPP (BOO) စနစ်ဖြင့် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စု ကံတီကွင်း ကွင်းအမှတ်(၄၅၃)တွင်လည်း ဟောင်ကောင် CNTIC Vpower ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၀ သန်း ရင်းနှီးမြှုပ်နှံပြီး IPP (BOO) စနစ်ဖြင့် မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိလျှပ်စစ်ကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၁ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၆၂၃ ဒသမ ၆၇ သန်း ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏စာရင်းများအရ သိရသည်။

**ငြိမ်းငြိမ်း**



## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# အလေးအနက်ပြုရမည့် မြန်မာ့လွတ်လပ်ရေးနေ့ သန္နိဋ္ဌာန်

မောင်ငြိမ်းအေး

လူတိုင်းလူတိုင်းလွတ်လပ်မှုကို မြတ်နိုးကြသည်။ တန်ဖိုးထားကြသည်။ မလွတ်လပ်လျှင် လွတ်လပ်ခြင်းကို အလိုရှိကြသည်။ လွတ်လပ်ခြင်းကိုရရှိပါကလည်း မလွတ်လပ်မှုကို လက်မခံတော့ပေ။ လွတ်လပ်ခြင်းအရသာကို မလွတ်လပ်သည့်အခါမှ သိရှိခံစားရသောကြောင့် လွတ်လပ်ခြင်းသည်သာ ပထမ၊ လွတ်လပ်ခြင်းသည်သာ ဒုတိယ၊ လွတ်လပ်ခြင်းသည်သာ တတိယဆိုကြပြီး လွတ်လပ်ခြင်းကို ဖက်တွယ်ထားကြသည်။

လူတိုင်းကိုယ်စီလွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်နိုင်ရန်အတွက် လုံးဝလွတ်လပ်သောနိုင်ငံဖြစ်ဖို့လိုသည်။ မြန်မာနိုင်ငံသည် မလွတ်လပ်သော နိုင်ငံဘဝတွင် နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရသည်။ နှစ်ပေါင်းတစ်ရာကျော်ဟူသည် လူ့သက်တမ်းတစ်ဆက်၊ နှစ်ဆက်မက ရှင်သန်ရပ်တည်နေထိုင်ခဲ့ရသောဘဝ ဖြစ်သည်။ မလွတ်လပ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ သူတစ်ပါးမျက်နှာကိုပင် မော်မကြည့်ဝံ့သည့်ဘဝများတွင် အသက်ရှင် နေထိုင်ခဲ့ကြရသည်မှာ မည်မျှရင်နင့်ဖွယ်ကောင်းသနည်း။ မလွတ်လပ်သည့်ဘဝတွင် နေထိုင်ကြည့်မှသာ မလွတ်လပ်သူတို့၏ဘဝကို ကိုယ်ချင်းစာနာခံစားကြည့်နိုင်မည်ဖြစ်သည်။

မြန်မာမျိုးချစ်များက နှစ်ပေါင်းတစ်ရာကျော် မလွတ်လပ်သောဘဝသို့ ကျရောက်ခဲ့ရသည့် မြန်မာနိုင်ငံကို လွတ်လပ်သောနိုင်ငံဖြစ်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ကြိုးပမ်းခဲ့ရသည်မှာ လွယ်လွယ်ကူကူ မဟုတ်၊ နှစ်ပေါင်းများစွာ အသက်သွေးချွေး အမြောက်အမြား ပေးဆပ်ခဲ့ရသည်။ စည်းလုံးညီညွတ်သော အခြေအနေများ၌ တွန်းလှန်နိုင်သော အင်အားစုများ ပေါ်ထွန်းလာခဲ့ပြီး စည်းလုံးညီညွတ်မှု ယိုင်နဲ့အားနည်းသော အခါများ၌ အင်အားစုများပြိုကွဲကာ ဘေးအန္တရာယ်များ ကျရောက်ခဲ့ရသည်။ အဖျက်အန္တရာယ်နှင့် သွေးခွဲမှုအမျိုးမျိုးကြား၌ လွတ်လပ်ရေးနှင့်အလှမ်းနီးရန်မှာ မလွယ်ကူသော်လည်း တစ်ဗိုလ်ကျ တစ်ဗိုလ်တက် ကြိုးပမ်းခဲ့ကြသည်။

အမျိုးသားရေးစိတ်ဓာတ်ထက်သန်သော မျိုးချစ်မြန်မာများက ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ မြေအောက်တော်လှန်ရေးအဖွဲ့စသည့်အဖွဲ့အစည်းအမျိုးမျိုးကို နိုင်ငံရေးသမားအမျိုးမျိုးနှင့် ဖွဲ့စည်းကာ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ နယ်ချဲ့တို့ကို စစ်ရေးနှင့်တစ်မျိုး၊ နိုင်ငံရေးနှင့်တစ်ဖုံ အမျိုးမျိုးကြိုးပမ်းအားထုတ်တွန်းလှန်ခဲ့ကြရာ နောက်ဆုံးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာစိုက်ထူနိုင်သည့် ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက် မြန်မာနိုင်ငံသည် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်သည်။ လွတ်လပ်ရေးရရှိသော်လည်း လွတ်လပ်ရေး၏ အသီးအပွင့်များကို မရရှိခဲ့ကြပါပေ။ မြန်မာနိုင်ငံတစ်ဝန်းတွင် ပြည်တွင်းရောင်စုံသောင်းကျန်းမှုဒဏ်များကို ကြံ့ကြံ့ခံခဲ့ကြရသည်။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော လက်နက်စွဲကိုင်တိုက်ခိုက်မှုများမှာ တစ်ဆက်တည်းပါလာခဲ့ပြီး နယ်စပ်ဒေသအချို့နေရာများတွင် ယနေ့ထက်တိုင်အောင် တိုက်ခိုက်နေကြဆဲ ဖြစ်သည်။ မငြိမ်းချမ်းနိုင်သေးသော ဒေသများတွင် လွတ်လပ်မှုအပြည့်အဝမရနိုင်၊ စစ်ပွဲဒဏ်ကြောင့် ပြည်သူများဒုက္ခဆင်းရဲရောက်ကြ၊ တိုက်ပွဲရှောင်နေကြရ ဖြစ်နေသေးသည်။

မြန်မာနိုင်ငံတွင် ပြည်သူအများစုမှာ ငြိမ်းချမ်းကြသော်လည်း မငြိမ်းချမ်းသေးသည့် ပြည်သူအနည်းစုအတွက် ကိုယ်ချင်းစာနာကြရမည်ဖြစ်သည်။ ကိုယ်ချင်းစာနာရေးတွင် လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့စဉ်က ကမ္ပည်းမော်ကွန်းရေးထိုးထားသော ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ မြန်မာ့လွတ်လပ်ရေးကျောက်တိုင်မှ သန္နိဋ္ဌာန်ကို ပြန်လည်သတိရအလေးအနက်ထား ရေးရှုလုပ်ဆောင်ကြရမည်ဖြစ်သည်။

(၁) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ အားလွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

(၂) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည်စောင့်ထိန်းမည်။

(၃) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ် သော နိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ၊ လွတ်လပ်သော နိုင်ငံတော်သားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

(၄) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသား ညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ မြဲအောင်ထိန်းသိမ်းမည်။

(၅) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ် နီးဝေးမခြား တစ်သွေးတစ်သားတည်းပြု၍ နည်းများနိမ့်မြင့် မရှိစေရ ညီတူညီမျှပြုမည်။

(၆) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါး ကိုလည်း မတရားမပြု ငါတို့အားမတရားပြုသည်ကိုလည်းမခံ အသက်နှင့်လဲ၍ကာကွယ်မည်။

(၇) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

(၈) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ နိုင်ငံနှင့် ငါတို့ လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

(၉) လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေး တာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေးနောင်လာ အဆက်ဆက်တို့အပေါ်၌ တည်စေမည်။ ဤငါတို့ သစ္စာအဓိဋ္ဌာန် မှန်သည့်အတိုင်း ငါတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်းဟူသော သန္နိဋ္ဌာန် (၉)ချက်ကို အလေးအနက်ပြု၍ ပြည်သူအားလုံး မှတ်သားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်သည်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှိ မြန်မာ့လွတ်လပ်ရေးကျောက်တိုင်အား တွေ့ရစဉ်။

ရရှိပြီးသော လွတ်လပ်ရေးသည် လူတန်းစားတစ်ရပ်အတွက် လွတ်လပ်ရေးမဟုတ်၊ ပြည်သူ ပြည်သား လူထုလူတန်းစားအားလုံးအတွက် လွတ်လပ်ရေးဖြစ်သည်။ ပြည်ထောင်စုသားလူမျိုးစုအသီးသီး၊ လူတန်းစားအသီးသီး၊ အသင်းအဖွဲ့အမျိုးမျိုးတို့ အပြင်းအထန်ကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်၍ ဤလွတ်လပ်ရေးကို ပြည်ထောင်စုသားအားလုံး၊ လူထုလူတန်းစားအားလုံး အရိုအသေအလေးအမြတ် ပြုကြရမည်ဖြစ်သည်။ လွတ်လပ်ရေးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိပါးလာမည်ဆိုလျှင် တစ်စိတ်တစ်ဝမ်းတည်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်များက အသက်သွေးချွေးပေးဆပ်၍ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ပို့ဆောင်ပေးခဲ့သည်။ ကျွန်ုပ်တို့အားလုံးကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းချီတက်ကြရမည် ဖြစ်သည်။ ကျွန်ုပ်တို့ပြည်သူပြည်သားအားလုံးကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည်စောင့်ထိန်းကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီး၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေး၊ နိုင်ငံ့လွတ်လပ်ရေးကို ကျောက်စိုင်ကျောက်သားကဲ့သို့ မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံတော်သား၊ နိုင်ငံတော်သူဟူသမျှတို့ကို ကြီးငယ်မရွေး၊ အဆင့်အတန်းမရွေး၊ နီးဝေးမခြား တစ်သွေးတည်းတစ်သားတည်းအလေးထား၍ မတူကွဲပြားမှု၊ အနိမ့်အမြင့်ခွဲခြားမှုမရှိစေရဘဲ ညီတူညီမျှဖြစ်အောင် ကြိုးပမ်းအားထုတ်ရာ၌ ဒီမိုကရေစီစံနှုန်းများ မြင့်မားခိုင်ကျည်လာအောင်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို အညီအမျှရေးရှုနိုင်ရေးကို ဆောင်ကြဉ်းပေးအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး လွတ်လပ်ရေး၏ အသီးအပွင့်များကို အညီအမျှခံစားနိုင်ရေးအတွက် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးသည် အရေးအကြီးဆုံးဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ကာ ဆွေးနွေးအဖြေရှာပြီး ပြည်ထောင်စု၏ အခြေခံမှုများ အားလုံးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြ၊ ထာဝရငြိမ်းချမ်းရေးကို ရယူကြရမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိမှသာ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းတောင့်တသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လုံးဝလွတ်လပ်သော နိုင်ငံဖြစ်အောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ ဆောင်ကြဉ်းပေးခဲ့သည့် ကျေးဇူးတရားများကို သတိမူပြီး မြန်မာ့လွတ်လပ်ရေးကျောက်တိုင်တွင် ကျွန်ုပ်တို့ ဘိုးဘွားများ အဆိုပြုထားသော သန္နိဋ္ဌာန်များကို ယနေ့ကာလတွင် မျက်မှောက်ပြု၍ လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

**ကိုးကားချက် - မြန်မာ့စွယ်စုံကျမ်း၊ လွတ်လပ်ရေး ကျောက်တိုင်မှ ကမ္ပည်းမော်ကွန်းစာတမ်း။**

**ကျွန်ုပ်တို့အားလုံးကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းချီတက်ကြရမည် ဖြစ်သည်။ ကျွန်ုပ်တို့ ပြည်သူပြည်သားအားလုံးကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီး၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေး၊ နိုင်ငံ့လွတ်လပ်ရေးကို ကျောက်စိုင်ကျောက်သားကဲ့သို့ မြဲအောင်ထိန်းသိမ်းစောင့်ရှောက် ကြရမည်ဖြစ်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပုံစံဖြင့် ကျား ၆၇၄၉ ဦး၊ မ ၁၀၁၈၇ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် စုစုပေါင်း ၁၆၉၃၆ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း လက်ခံရရှိမှု ၉၉ မှုတွင် ပြီးစီးမှု ၉၂ မှု၊ ကျေအေးမှု အမှု ၃၀၊ ခုံသမာဓိအဖွဲ့သို့လွှဲပြောင်းမှု ၁၉ မှု၊ ပိတ်သိမ်းမှု ငါးမှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၄၅ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစား ခွင့်ရှိသူ ၂၅၆ ဦးအား ငွေကျပ် ၇၅၈၃၇၃၃၄ ကျပ်နှင့် အမေရိကန်ဒေါ်လာ ၉၇၈၃ ဒေါ်လာကို ခံစားခွင့်ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင်**
**၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လျှပ်စစ်သင်တန်း (ရန်ကင်း) | ၁၃-၁၁-၁၉မှ ၂၀-၁၂-၁၉ အထိ | ၃၁ | ၁ | ၃၂ |
| ၂။ | လျှပ်စစ်သင်တန်း (မန္တလေး) | ၂၂-၁၁-၁၉မှ ၂၆-၁၂-၁၉ အထိ | ၁၃ | ၁၀ | ၂၃ |
| ၃။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မန္တလေး) | ၂-၁၁-၁၉မှ ၂၇-၁၁-၁၉အထိ | ၃၀၉၄ | ၆၇၆ | ၃၇၇၀ |
| ၄။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (မြောက်ဒဂုံ) | ၂၈-၁၀-၁၉မှ ၂၅-၁၁-၁၉အထိ | ၄၅၈၅ | ၁၂၀၈ | ၅၇၉၃ |
| စုစုပေါင်း | | | ၇၇၂၃ | ၁၈၉၅ | ၉၆၁၈ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေ မရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့် များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၆၃၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၇၂၃၆၁ ဒေါ်လာကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေး ရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၃၀၀ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများကို ပညာပေးဟောပြောပို့ချမှု ၂၀၈ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၁၅ မှုနှင့် ခုံသမာဓိကောင်စီတွင် ခုနစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၉၆၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၆၄၀ ကျော် ပြန်လည် ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်း များနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၇၃၄၂ ဦး၊ အတွင်းလူနာ ၅၈၄ ဦး) | ၇၉၂၆ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း(၅၈)ခန်း နှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၉)ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထား သည့် ဆေးခန်း (၇)ခန်းတို့မှ ဆေးကုသပေးမှု | ၇၇၉၃၉ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး(၃)ရုံမှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု(၃)ကြိမ် | ၇၃၇ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၆၁)ကြိမ် | ၁၂၄၇ ဦး |
| င | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့်အလုပ်ဌာန (၁၈၆) ဌာနရှိ အာမခံအလုပ် သမားများအား ဆေးကုသပေးမှု | ၅၈၇၅ ဦး |

# ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ယခုနှစ်တွင် ကျရောက်သော ရန်ကုန်မြို့ပြခရစ္စမတ်ပွဲတော် ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း နှင့် ဗိုလ်ချုပ်လမ်းထောင့် သန့်ရှင်းသော တြိနတိကသီဒြယ် ဘုရားကျောင်း၌ကျင်းပရာ ယခုနှစ်အတွက် ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်ကို နေရာရှစ်ခု၌ ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ Archbishop စတီဖင်သန်းမြင့်ဦး၊ Bishop John စောယောဟန်၊ သိက္ခာတော်ရ Rev. ဦးတိုးတိုးနှင့် ရန်ကုန်မြို့ပြခရစ္စမတ်ပွဲတော်ကျင်းပရေးအဖွဲ့မှ တာဝန်ရှိ သူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗိုလ်ချုပ်လမ်းပေါ်ရှိ တြိနတိကသီဒြယ်ဘုရားကျောင်းဝင်းအတွင်း ခရစ္စမတ် တေးသီချင်းဖျော်ဖြေရေးစင်၌ ပျော်ရွှင်ဖွယ်ဖျော်ဖြေတင်ဆက် မှုများအား ကြည့်ရှုအားပေးကြသည်။

ညပိုင်း၌ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်း တစ်လျှောက်တွင်လည်း ပွဲတော်လာပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီပွဲကိုတော့ ၂၀၁၇ ခုနှစ်ကတည်းက ကျင်းပလာတာပါ။ ဒီနှစ်ရဲ့ ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်ကို ခရစ္စမတ်တေးသီချင်းတွေ၊ အဆိုအကတွေ နိပါတ်စဉ်ပြတဲ့ အစီအစဉ်လေးတွေရှိသလို ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဘုရား ကျောင်းက အသင်းတော်တွေစုပေါင်းပြီး စတုဒိသာကျွေး မွေးတဲ့အစီအစဉ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်သွား မယ်။ ဒါ့အပြင် လာရောက်ကြတဲ့သူတွေကိုလည်း စတုဒိသာ အကျွေးအမွေးအစီအစဉ်တွေနဲ့ ဧည့်ခံသွားပါမယ်။ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ရန်ကုန်မြို့ပြခရစ္စမတ်ပွဲတော်ကျင်းပရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ Rev. ဦးတိုးတိုးက ပြောသည်။

ယခုနှစ်၏ ရန်ကုန်မြို့ပြခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ပြီး ခရစ္စမတ်နေ့ ၂၅ ရက်အထိ ရွှေတိဂုံ ဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်မှစတင်ကာ ပျော်ပျော် ရွှင်ရွှင်ခရစ္စမတ်တေးသီချင်းဖျော်ဖြေရေးစင်ကို ဗိုလ်ချုပ် လမ်းတစ်လျှောက် သန့်ရှင်းသော တြိနတိကသီဒြယ်ဘုရား ကျောင်းရှေ့၊ Central Hotel မျက်နှာချင်းဆိုင်(MECA)၊ Sakura Tower အရှေ့(MCC)၊ Ruby Mark (ပန်းဆိုးတန်း)




အရှေ့၊ စိန်မေရီကာသီဒြယ်ဘုရားကျောင်းရှေ့၊ မောန္တေလ ဘုရားကျောင်းရှေ့၊ သခင်မြပန်းခြံ၊ စော်ဘွားကြီးကုန်း ပန်းခြံ(အင်းစိန်)အပါအဝင် စုစုပေါင်းဖျော်ဖြေရေးစင် ရှစ်ခု ရှိကြောင်း ရန်ကုန်မြို့ပြခရစ္စမတ်ပွဲတော် ကျင်းပရေးအဖွဲ့မှ သိရသည်။

**မြင့်မောင်စိုး**

**❖ ၂၀၁၉ ရာသီမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပ သည့် ပြည်တွင်းပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများ၊ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သည့် လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၊ အမျိုးသမီးလိဂ်ပြိုင်ပွဲ နှင့် ဖူဆယ်လိဂ်ပြိုင်ပွဲ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ကကျင်းပသည့် MNL နှင့် MNL-2 လိဂ်ပြိုင်ပွဲအသီးသီး နှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိ သည့်အသင်းများ၊ ၂၀၁၉ ခုနှစ်၏ တစ်နှစ်တာအကောင်း ဆုံးကစားသမားအမျိုးသားဆုနှင့် အမျိုးသမီးဆု၊ လူငယ် အကောင်းဆုံးကစားသမား အမျိုးသားဆုနှင့် အမျိုးသမီး ဆု၊ နည်းပြဆု၊ အကောင်းဆုံးဒိုင်လူကြီးဆုများ ရွေးချယ် ချီးမြှင့်မည်ဖြစ်သည်။

**ဗိုလ်စွဲ**

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာ နေရှင်နယ်လိဂ်ကော်မတီကို စပွန်ဆာပေးနေသည့် ကုမ္ပဏီများကိုလည်း အမှတ်တရလက်ဆောင်များ ချီးမြှင့်မည်ဖြစ်သည်။ ၂၀၁၉ ရာသီ ပြည်တွင်းပြိုင်ပွဲများ အနက် MNL အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက် အသင်း၊ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် MFF Youth အသင်း၊ MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက် တက်အသင်း၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း၊ MNL-2 (ပထမတန်း) အမှတ် ပေးပြိုင်ပွဲတွင် ချင်းယူနိုက်တက်အသင်း၊ ယူ-၂၀ အမှတ် ပေးပြိုင်ပွဲတွင် မြဝတီအသင်း၊ ယူ-၁၈ အမှတ်ပေးပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်းတို့ ဗိုလ်စွဲခဲ့သည်။ အမျိုးသမီးလိဂ် ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU အသင်းတို့က ဗိုလ်စွဲခဲ့သည်။

**ဆုချီးမြှင့်**

၂၀၁၈ ရာသီအတွက် ချီးမြှင့်သည့်အကောင်းဆုံးဆုများ အနက် အကောင်းဆုံးကစားသမားအမျိုးသားဆုကို မောင်မောင်လွင် (ရန်ကုန်)၊ အမျိုးသမီးဆုကို ခင်မာလာထွန်း (အား/ကာသိပ္ပံ)၊ အကောင်းဆုံးလူငယ်ကစားသမား အမျိုးသားဆုကို လွင်မိုးအောင် (အား/ကာသိပ္ပံ/ရောဝတီ)၊ အမျိုးသမီးဆုကို မြတ်နိုးခင် (YREO)၊ အကောင်းဆုံး နည်းပြဆုကို ဦးမျိုးမင်းထွန်း(ရန်ကုန်)တို့က ရရှိခဲ့သည်။ ယခုနှစ်တွင်လည်း တစ်ဦးချင်းထူးချွန်ဆုရရှိသူများကို ယင်းညမှာပင် ရွေးချယ်ဆုချီးမြှင့်သွားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**● MNL-2 အမှတ်ပေးပြိုင်ပွဲမှ**

၂၀၂၀ ရာသီကို ဇန်နဝါရီ ၂၃ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ MNL-2 (ပထမတန်း) အမှတ်ပေး ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ရာသီတွင် ချင်းယူနိုက်တက်အသင်း၊ ၂၀၁၄ ရာသီတွင် ဟံသာဝတီ အသင်း၊ ၂၀၁၅ ရာသီတွင် Southern အသင်း၊ ၂၀၁၆ ရာသီတွင် မနောမြေအသင်း၊ ၂၀၁၇ ရာသီတွင် စီးတီးရန်ကုန် အသင်း၊ ၂၀၁၈ ရာသီတွင် ရှိုင်ရယ်သန်လျင်အသင်းနှင့် ၂၀၁၉ ရာသီတွင် ချင်းယူနိုက်တက်အသင်းတို့ ဗိုလ်စွဲခဲ့သည်။

MNL-2 အသင်းများအနက် ၂၀၁၉ ရာသီအပြီးတွင် MNL မှ တန်းဆင်းလာရသည့် ဒဂုံအသင်းနှင့် ပထမတန်း ကလပ်ရှိုင်ရယ်သန်လျင်အသင်းတို့မှာ အသင်းဖျက်သိမ်းသွားသောကြောင့် ရှစ်သင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

---

**✻ ဝန်ကြီးဌာနပေါင်းစုံမှ**

ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၁ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဒီဇင်ဘာ ၂၄ ရက် ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)၌ နံနက် ၇ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ ညနေ ၃ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နေပြည်တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**အား/ကာ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၇ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်နေ ဖိုးအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၂-၂၀၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်နေ ဖိုးအေး(ခ) အောင်ဇေယျ (၃၁)နှစ်၊ (ဘ)ဦးကျော်ခိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပျဉ်းမနား) မယ(ပ) ၁၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာနေ တင်ဆန်းနှင့်ဇနီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၂-၂၀၁၉ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာနေ တင်ဆန်း(၅၅)နှစ်၊ (ဘ)ဦးသာထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇနီးဖြစ်သူ ဒေါ်ဘောမ်နာမ်(၅၂)နှစ်၊ (ဘ) ဦးဆောင်ဘောမ်နှင့် ယောက္ခမဖြစ်သူ ဒေါ်မရွှန်း(၇၈)နှစ်၊ (ဘ)ဦးဆွမ်လွမ်းလရွယ်တို့(၂)ဦးအား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ဝိုင်းမော်)မယ(ပ)၂၃၉/၂၀၁၉၊ မူး/ စိတ်ပုဒ်မ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ကွမ်းတိုင်းကျေးရွာနေ ကျော်စိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် ခင်ဦးမြို့နယ်၊ ကွမ်းတိုင်းကျေးရွာ၊ ရွာလယ်လမ်း၌ ၎င်းကျေးရွာနေ ကျော်စိုး (၄၄)နှစ်၊ (ဘ)ဦးတင်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ(ခင်ဦး)မယ (ပ) ၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာနေ ကံဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၂-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာနေ ကံဝင်း(၄၉)နှစ်၊ (ဘ)ဦးချိုပြုံး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဆန်းလင်း(၂၈)နှစ်၊ (ဘ)ဦးညိုဦး၊ မျိုးလှိုင်ဝင်း(၂၄)နှစ်၊ (ဘ)ဦးမောင်ဇော်၊ လှအောင်(၅၄)နှစ်၊ (ဘ)ဦးဘစံနှင့် တောင်တွင်းကျေးရွာနေ ဝင်းကို(၄၃)နှစ်၊ (ဘ)ဦးနီပွန်တို့(၅)ဦးအား ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၅၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ (၁)(၂)(၃) (၄)(၅)လမ်းတို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၂-၂၀၁၉ ရက်နေ့တွင် ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၃)လမ်းထိပ်၌ အနော်ရထာ (၄) လမ်းနေ ကျော်စွာဦး(ခ) ရာဂျား(၁၈)နှစ်၊ (ဘ)ဦးကျော်ကျော်ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ)၁၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး၊ ပလောက်မြို့၊ အမှတ်(၁)ရပ်ကွက်နေ စိုးထိုက်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၂-၂၀၁၉ ရက်နေ့တွင် ပလောက်မြို့၊ အမှတ်(၁) ရပ်ကွက်၊ ပလောက်ချောင်းကမ်းဘေး၌ ၎င်းရပ်ကွက်နေ စိုးထိုက်ဦး(၂၂)နှစ်၊ (ဘ)ဦးကြည်စိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ပလောက်) မယ(ပ)၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကရပ်ပြင်တောင်ရပ်ကွက်နေ စည်သူမြတ်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် ထားဝယ်မြို့၊ ကရပ်ပြင်တောင်ရပ်ကွက်နေ စည်သူမြတ်စိုး(ခ)ဖိုးဇူး (၂၇)နှစ်၊ (ဘ) ဦးမြတ်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထားဝယ်) မယ(ပ)၆၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာနေ နေလင်းဦးနှင့် ဘီလာတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅)ဦး၊ မ(၂)ဦး၊ ပေါင်း(၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၈-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာနေ နေလင်းဦး(ခ)နေလင်းထွန်း (၂၆)နှစ်၊ (ဘ) ဦးခင်မောင်မြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အမှတ်(၁၀)ရပ်ကွက်နေ ဘီလာ(ခ) ကျော်ခိုင် (၁၈) နှစ်၊ (ဘ)ဦးမိုဟာမတ်အလီတို့(၂)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျောက်ဆည်) မယ(ပ) ၄၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ အောင်မြင့်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာလမ်းမကြီးနှင့် သုမိတ္တာ(၁၈)လမ်းထိပ်၌ ၎င်းရပ်ကွက်နေ ပြည့်ဖြိုးသူလွင် (၂၉)နှစ်၊ (ဘ) ဦးငွေသိန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား ၎င်းရပ်ကွက်နေ အောင်မြင့်ဦး (၄၀)နှစ်၊ (ဘ)ဦးဟန်စိန်ထံမှ ဝယ်ယူခဲ့ကြောင်း စိစစ်ရရှိသဖြင့် ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၂)ဦးအား မမစ (မြောက်ဥက္ကလာပ)မယ(ပ)၈၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်နေ ရွှေဖြိုးအောင်(ခ)ဘောလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၂-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကမ်းနားလမ်းနှင့် ဦးကြွယ်ဟိုးလမ်းထောင့်၌ ၎င်းရပ်ကွက်နေ ရွှေဖြိုးအောင်(ခ)ဘောလေး(ခ)ကိုဖြိုး(၂၃)နှစ်၊ (ဘ) ဦးသန်းထွန်းအောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ ဆေးခြောက်များထပ်မံဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်) မယ(ပ)၂၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဝေါ်ခုတ်ကျေးရွာနေ စိုင်းဖေသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၁၂-၂၀၁၉ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ ဝေါ်ခုတ်ကျေးရွာနေ စိုင်းဖေ(၅၄)နှစ်၊ (ဘ)ဦးဝါလိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျိုင်းတုံ) မယ(ပ) ၂၇၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့၊ သဲကွင်း၊ သတလ(၁)ရပ်ကွက်၊ ဝင်းမြင့်မိုရ် ကုမ္ပဏီပိုင်နယ်မြေအတွင်း မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၁၂-၂၀၁၉ ရက်နေ့တွင် နမ္မတူမြို့၊ သဲကွင်း၊ သတလ (၁)ရပ်ကွက်၊ ဝင်းမြင့်မိုရ် ကုမ္ပဏီပိုင်နယ်မြေအတွင်း နမ့်ဆန်မြို့နယ်၊ ပန်ဝိုက်ကျေးရွာနေ ဒေါ်အေးအိုင်(၄၃)နှစ်၊ (ဘ)ဦးအိုက်ထအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ)၁၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၉)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၀)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၅-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈) ရပ်ကွက်နေ ဦးအိုက်အောင်(၆၀)နှစ်၊ (ဘ) ဦးအိုက်ရန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၁၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်နေ လှမောင်ဦး (၂၂)နှစ်၊ (ဘ)ဦးချစ်ဆွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နမ္မတူ) မယ(ပ) ၁၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ စစ်မှုထမ်းဟောင်းရပ်ကွက်နေ ရန်နိုင်စိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၂-၂၀၁၉ ရက်နေ့တွင် လားရှိုးမြို့၊ စစ်မှုထမ်းဟောင်းရပ်ကွက်နေ နောင်နောင်(၂၂)နှစ်၊ (ဘ)ဦးတင်သောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရန်နိုင်စိုး(၂၅)နှစ်၊ (ဘ)ဦးခင်မောင်ရီ၊ မမြတ်သူဇာ(၂၃)နှစ်၊ (ဘ)ဦးမြတ်စိုးနှင့် ရှမ်းကုန်းရပ်နေ ဇော်လင်းထက်(ခ)ပြေတီဦး(၃၁)နှစ်၊ (ဘ)ဦးစံသောင်းတို့ (၄)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လားရှိုး) မယ(ပ)၄၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ လွယ်ကျိုင်းကျေးရွာနေ စိုင်းစိုးမြင့်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၂-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ လွယ်ကျိုင်းကျေးရွာနေ စိုင်းစိုးမြင့်(ခ)စိုင်းအိုက်မန်(၄၂)နှစ်၊ (ဘ) ဦးဆံလှ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စံလျှန်းကျေးရွာနေ စိုင်းထွေး(ခ)နိုင်လင်းထွေး(၂၈)နှစ်၊ (ဘ) ဦးမြင့်အောင်ထွန်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သီပေါ) မယ(ပ)၆၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ခင်မောင်ထွန်း (ခ) ဖိုးလုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ခင်မောင်ထွန်း(ခ)ဖိုးလုံး(၄၆)နှစ်၊ (ဘ) ဦးမောင်အုံးနှင့် ဇနီးဒေါ်တင်မိုးလှိုင်(၃၈)နှစ်၊ (ဘ) ဦးသန်းဖေတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ (ပ)၇၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ဆီဆုံကုန်းကြီးကျေးရွာနေ ဒေါ်သန်းသန်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် ပင်လောင်းမြို့နယ်၊ ဆီဆုံကုန်းကြီးကျေးရွာနေ ဒေါ်သန်းသန်းဦး (၃၅)နှစ်၊ (ဘ) ဦးထွန်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဖိုကုန်း)မယ(ပ) ၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့၊ အမှတ်(၇)ရပ်ကွက်နေ စိုင်းတစ်+မနန်းလမ်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၂-၂၀၁၉ ရက်နေ့တွင် ကျိုင်းတောင်းမြို့၊ အမှတ်(၇) ရပ်ကွက်နေ စိုင်းတစ်(ခ)စိုင်းရွှဲန်တစ်(၂၉)နှစ်၊ (ဘ) ဦးကျော်မိုးနှင့် မနန်းလမ်(၂၉)နှစ်၊ (ဘ)ဦးလုံးဆိုင်တို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကျိုင်းတောင်း) မယ(ပ)၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့ ❍

○ စာမျက်နှာ ၈ မှ

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၁-၁၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၁၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၁၇၇) ဦး၊ မ(၂၃၄)ဦး၊ ပေါင်း(၁၄၁၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၆၇.၆၁၉၄) ဂရမ်၊ ICE(၁၃၄၇.၃၂)ဂရမ်၊ဘိန်း(၄၀၃၃၈.၈၂၁၆၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄၀၄.၉၈)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆) ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၄၅၃၄၁၂)ပြား၊ ဆေးခြောက် (၈၇၆၀.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉) လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ အခြေခံလုပ်ငန်းစံသတ်မှတ်ချက်(မူကြမ်း) ရေးဆွဲမှုဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (EOC) အနေဖြင့် အရေးပေါ်အခြေအနေတွင် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ စနစ်တကျနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသော အခြေခံလုပ်ငန်းစံသတ်မှတ်ချက် (Standard Operation Procedure – SOP)(မူကြမ်း) ရေးဆွဲမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန(EOC)၏ အခြေခံလုပ်ငန်းစံသတ်မှတ်ချက် (Standard Operation Procedure – SOP)(မူကြမ်း) ရေးဆွဲရခြင်းကို ရှင်းလင်းတင်ပြပြီး EOC မှ တာဝန်ရှိသူတစ်ဦးက EOC ၏ ပုံမှန်အခြေအနေတွင် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ သဘာဝဘေးအရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ သဘာဝဘေးအရေးပေါ်အခြေအနေဖြစ်ပေါ်မှု နယ်မြေအနေအထား၊ ထိခိုက်ဆုံးရှုံးမှုပမာဏ၊ သဘာဝဘေးဖြစ်ပေါ်မှုကြောင့် ပြောင်းရွှေ့ရသည့်လူဦးရေစသည့်အခြေအနေများအပေါ် မူတည်၍ EOC အနေဖြင့် အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အဆင့်အလိုက်ဆောင်ရွက်နိုင်ရေးဆိုင်ရာ အဆင့်အတန်းသတ်မှတ်ချက်များ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ စံလုပ်ငန်းစဉ်သတ်မှတ်ချက်များ စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကြပြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (EOC)၏ ပုံမှန်အခြေအနေတွင် နေ့စဉ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန(EOC)၏ အခြေခံလုပ်ငန်းစံသတ်မှတ်ချက် (Standard Operation Procedure – SOP) (မူကြမ်း)ကို လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတတိယပတ်အတွင်း ယင်းမူကြမ်းကို အသုံးပြုလျက် အရေးပေါ်အခြေအနေ၌ EOC အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုပုံစံအား ဌာနတွင်းလက်တွေ့စမ်းသပ်လေ့ကျင့်မှုအစီအစဉ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းအမှတ်စဉ်(၂)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ) ခန်းမ၌ ကျင်းပသည်။

**၁၂၀ ရာခိုင်နှုန်းကျော်ရှိ**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်မြန်ဆန်လာခြင်းသည် နိုင်ငံတကာတွင် လူအများ၏ ဘဝနေထိုင်မှုပုံစံကိုများစွာပြောင်းလဲစေခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း လက်ကိုင်ဖုန်းဖြန့်ကြက်မှုမှာ ယခုအခါ ၁၂၀ ရာခိုင်နှုန်းကျော်ရှိပြီး ပြည်သူအများမှာ သတင်းအချက်အလက်များသိရှိရေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ ရယူခြင်းတို့ကို လက်ကိုင်ဖုန်းများမှတစ်ဆင့် အွန်လိုင်းပေါ်တွင် အဓိကလုပ်ကိုင်လာနေကြပါကြောင်း။

အခြားတစ်ဖက်တွင် အွန်လိုင်းပေါ်၌ သတင်းအမှားများ၊ ကောလာဟလများ၊ အမုန်းစကားများ၊ မသမာသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် ထုတ်လွှင့်ထားသည့် သတင်းအတုများ စသည်တို့နှင့် ပြည့်နှက်နေသဖြင့် အွန်လိုင်းမီဒီယာအသုံးပြုသူတိုင်းအတွက် မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုမှာ အရေးကြီးပါကြောင်း၊ ယင်းမှာ နိုင်ငံတကာတွင် ကြုံတွေ့နေရသည့် ဘုံပြဿနာတစ်ခုပင် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် စိန်ခေါ်မှုပေါင်းစုံရင်ဆိုင်နေရသည့် မိမိတို့နိုင်ငံအတွက် ဤပြဿနာမှာ ပိုမိုအန္တရာယ်ကြီးမားပါကြောင်း။

**မဖြစ်မနေလိုအပ်**

အင်တာနက်သုံးစွဲသူများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက်သိရှိနားလည်မှုကို တတ်ကျွမ်းထားပြီး သတိရှိစွာသုံးစွဲရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် အင်တာနက်သုံးစွဲသူများဖြစ်ရန် လိုအပ်လာပါကြောင်း၊ အွန်လိုင်းမီဒီယာကို အမြဲတမ်း ကိုင်တွယ်အသုံးပြုနေရသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရှိရန် မဖြစ်မနေလိုအပ်သဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်းသင်တန်းသားသင်တန်းသူ ၇၀ တက်ရောက်ကာ ဒီဇင်ဘာ၂၄ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး ယူနက်စကိုနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပညာရှင်များက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၁)ကို နိုဝင်ဘာလအတွင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်တွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၃(က) ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဖြစ်ရပ်မှန်ဘဝများကို သရုပ်ဖော်ရိုက်ကူးထားသည့် ၃(က) ရုပ်ရှင်ဇာတ်ကား၏ စာနယ်ဇင်းအပ်နှံပွဲနှင့် နေ့လယ်စာတည်ခင်းဧည့်ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဤဇာတ်ကားတွင် ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အောင်ချမ်းလူ၊ တွဲဖက်ဒါရိုက်တာ ကောင်းမြတ်သူကျော်၊ သရုပ်ဆောင် ချမ်းမင်းရဲထွဋ်၊ နန်းဆုဦး၊ စိုးမြတ်သူဇာ၊ ထူးခြား၊ ဇင်မျိုး၊ဒေါင်းဝေ၊ မျိုးမျိုးခိုင်၊ ကလေးသရုပ်ဆောင် ဟိဏ်းသီရိစံနှင့် သရုပ်ဆောင်များစွာတို့က ပါဝင်သရုပ်ဖော်ထားပြီး စိန်ဌေးရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

"၂၀၁၅ ခုနှစ်က ဇာတ်လမ်းတိုလေးတွေ စရေးတယ်။ မနက်ပိုင်း အပြေးလေ့ကျင့်ရင်း မနက်ခင်းတစ်ခုမှာ ဈေးတွေရောက်တယ်။ ကားဂိတ်တွေရောက်တယ်။ အပြင်မှာ မြင်တွေ့တဲ့လူတွေရဲ့ ကာရိုက်တာတွေကို ထိုင်ကြည့်ဖြစ်တယ်။ နောက် နေ့တိုင်းသွားကြည့်မိတယ်။ ညဆိုရင် ဘာမြင်ရမလဲဆိုပြီး ညသန်းခေါင်နောက်ပိုင်းသွားကြည့်တယ်။ ထပ်ဖြည့်ရင်းဖြည့်ရင်းနဲ့ တော်တော်ရှည်တဲ့ ရုပ်ရှင်ကြီးဖြစ်သွားတယ်။ ရုံတင်တဲ့အခါ တချို့ဇာတ်ဝင်ခန်းတွေတော့ ဖြတ်လိုက်ရတယ်"ဟု ဒါရိုက်တာ အောင်ချမ်းလူက ပြောသည်။

"ဒီကာရိုက်တာလေးက နန်းဆုအတွက်က ပထမဆုံးပါ။ ပရိသတ်ကြည့်ပြီးရင် နန်းဆုတို့ ဘာကို အဓိကထားပြီး ပြချင်တာလဲ။ ဘယ်လိုအကြောင်းအရာလေးတွေကို ပညာပေးချင်တာလဲဆိုတာ သိသွားမှာပါ။ တချို့အကြောင်းအရာတွေကို အပြင်မှာ သတိမထားမိတာတွေရှိတယ်။ ဒီဇာတ်ကောင်ကာရိုက်တာရဲ့စိတ်ကိုဖြစ်ဖို့အတွက် အဲဒီစိတ်နဲ့ နေထိုင်ရတယ်။ ဇာတ်ကားထဲက ကောင်မလေးရဲ့ ဘဝက ပျော်ရွှင်စရာမဟုတ်ဘဲ အခက်အခဲတွေများစွာနဲ့ လျှောက်လှမ်းနေတယ်။ ကူကယ်ရာမဲ့ဖြစ်တယ်။ သူက Single Mother တစ်ဦးဖြစ်ပါတယ်"ဟု နန်းဆုဦးက ပြောသည်။

၃(က) ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၇ ရက်တွင် အထူးပွဲရုပ်ရှင်ပြသ၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဟု သိရသည်။

**သန့်ဇင်ဝင်း**




# ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ (JICM ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပသတင်းစာမျက်နှာ ၈ မှအဆက်) ကော်လံ ၄ စာကြောင်းရေ ၆ တွင် "ထို့အပြင် ယခုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပိုမိုခိုင်မာရေးကိစ္စ …. " ဟု ဖြည့်စွက်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# ရန်ကုန်တက္ကသိုလ်ရာပြည့် သမိုင်းရင်ခုန်သံ

**မောင်မိုးယံ**

ရန်ကုန်တက္ကသိုလ်ကြီး ရာပြည့်အထိမ်းအမှတ်စတင်ကြောင်းကြေညာခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်ရာပြည့်သဘင်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ မိန့်ခွန်းပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအထိ ရာပြည့်သဘင်ပွဲကြီးကို စဉ်ဆက်မပြတ်တစ်နှစ်ပတ်လုံး ကျင်းပသွားတော့မည်ဖြစ်ရာ ထူးခြားသော သမိုင်းမှတ်တိုင်ပင်ဖြစ်သည်။

**ဘဝပြုစုပျိုးထောင်ရာ အမိတက္ကသိုလ်**

ဒီလိုရာပြည့်သဘင် အခမ်းအနားမျိုးကရှားသည်။ တစ်နှစ်ပတ်လုံးကျောင်းသားတို့၏ ဘဝပြုစုပျိုးထောင်ရာ အမိတက္ကသိုလ်နယ်မြေကြီးအတွင်း စာပေ၊ ဂီတ၊ သုခမပုံရိပ်များစွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုသည့်ပွဲကြီးမျိုး မြန်မာနိုင်ငံသက်တမ်းအတွင်း ကာလကြာရှည်လုပ်ခဲ့ခြင်း မရှိခဲ့ပေ။ နှစ်(၁၀၀)သက်တမ်းအတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူတို့၏ ခြေရာများ၊ နှလုံးသားများ၊ ဦးနှောက်များ၏ ပဲ့တင်သံတို့ရိုက်ခတ်ရာ ရန်ကုန်တက္ကသိုလ်နယ်မြေကြီးတစ်ခုလုံး သစ်ပုပ်ပင်၊ အဓိပတိလမ်း၊ စစ်ကိုင်းလမ်း၊ ပုဂံလမ်း၊ ဂျပ်ဆင်လမ်း စသည်တို့၌ တမ်းတခြင်း၊ လွမ်းမျက်ရည်စများမှ ပျော်ရွှင်ကြည်နူးခြင်း တေးသံသာတို့ ပျံ့လွင့်လျက်ရှိနေလေပြီ။


ရန်ကုန်တက္ကသိုလ်၏ သမိုင်းအစသည် ၁၉၀၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်ကောလိပ် (အ.ထ.က (၁) လသာနှင့် ဂျပ်ဆင်ကောလိပ်ဖွင့်ခဲ့သော အလုံကူရှင်ကျောင်း အ.ထ.က (၄) အလုံ)တို့ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ဗြိတိသျှအစိုးရသည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပြီး ရန်ကုန်တက္ကသိုလ်နယ်မြေကို ယခုလက်ရှိနေရာတွင် စတင်တည်ထောင်ရန် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ကို ရန်ကုန်တက္ကသိုလ်ကြီးအဖြစ် ပူးပေါင်းဖွင့်လှစ်ရန်အတွက် ဗြိတိသျှအစိုးရက ယခုတည်ရှိနေသော တက္ကသိုလ်နယ်မြေ ယခင်က နာနတ်တောကြီးနှင့် တောရိုင်းကြီးများ ဧက (၄၀၀)ကို ငွေ (၈) သိန်းကျပ်ဖြင့် ဝယ်ယူခဲ့သည်။

တောအလွန်ထူထပ်သဖြင့် ရန်ကုန်သစ်တောအရာရှိ မစ္စတာ အေရော်ဂျာကို တောရှင်းခိုင်းပြီး မြေနေရာပြုပြင်စေခဲ့သည်။ ဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ဂရက်ဒေါက်က ရန်ကုန်တက္ကသိုလ် အဓိပတိအဖြစ် တာဝန်ယူပြီး တက္ကသိုလ်နယ်မြေ အဆောက်အဦများ၊ Land Scaping ဒီဇိုင်းများရေးဆွဲရန် ဒုတိယဘုရင်ခံချုပ် ဆာဟာကုတ်ဘတ္တလာကို တာဝန်ပေးအပ်ခဲ့သည်။ ဒုတိယဘုရင်ခံချုပ်က ဗြိတိသျှလူမျိုး ဗိသုကာပညာရှင် T.O. Forstar ကို ရွေးချယ်ပြီး အင်္ဂလန်နိုင်ငံသို့စေလွှတ်ကာ ဒီဇိုင်းရေးဆွဲစေခဲ့သည်။ T.O. Forstar က အင်္ဂလန်မှ အဆောက်အဦပညာရှင်များကို ခေါ်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်၊ နှစ်ကုန်မှစ၍ စတင်ဆောက်လုပ်ခဲ့သည်။ တက္ကသိုလ်ပရဝဏ်နှင့် အဆောက်အဦများ ဆောက်ရာတွင် အင်္ဂလန်နိုင်ငံရှိ အထင်ကရ တက္ကသိုလ်များဖြစ်သော Oxford နှင့် Cambridge University တို့၏ စံနူန်းနှင့်ပုံစံများကို အခြေခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

> **နှစ်(၁၀၀) သက်တမ်းအတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူတို့၏ ခြေရာများ၊ နှလုံးသားများ၊ ဦးနှောက်များ၏ ပဲ့တင်သံတို့ရိုက်ခတ်ရာ ရန်ကုန်တက္ကသိုလ် နယ်မြေကြီးတစ်ခုလုံး သစ်ပုပ်ပင်၊ အဓိပတိလမ်း၊ စစ်ကိုင်းလမ်း၊ ပုဂံလမ်း၊ ဂျပ်ဆင်လမ်း စသည်တို့၌ တမ်းတခြင်း၊ လွမ်းမျက်ရည်စများမှ ပျော်ရွှင်ကြည်နူးခြင်း တေးသံသာတို့ ပျံ့လွင့်လျက်ရှိနေလေပြီ**

တကယ်တော့ ရန်ကုန်တက္ကသိုလ်သည် ဗြိတိသျှအစိုးရက ဤသို့တက္ကသိုလ်အက်ဥပဒေ ရေးဆွဲခြင်း၊ အဆောက်အဦဆောက်လုပ်ပေးခြင်းမှာ မြန်မာတို့ကို ပညာတတ်စေချင်လွန်း၍ မဟုတ်ပေ။ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့သည် ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံများဖြစ်ရာ ၁၈၉၆ ခုနှစ်တွင် တရုတ်လူမျိုးသူဌေးကြီး တော်စိန်ခိုက မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် သီးခြားလွတ်လပ်သော တက္ကသိုလ်တစ်ခု တည်ထောင်ရန် အစည်းအဝေးကျင်းပပြီး နှီးဆော်ခဲ့သည်။ ဗြိတိသျှအစိုးရသည် မသိကျိုးကျွန်ပြုခဲ့ရာ ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့တွင် မြန်မာကိုယ်စားလှယ်များဖြစ်သော ဦးဘဘေ၊ ဦးမေအောင်၊ ဝတ်လုံ ဦးစု၊ မစ္စတာပုလဲ၊ ဦးဖေ၊ ဒေါက်တာစံစီဖိုး၊ ဆစ်ဒနီဦးလူနီ၊ ဦးဖိုးသာ၊ ဦးသင်း၊ ဦးဘတူ၊ ဝတ်လုံဦးစံဝင်း အစရှိသော YMBA လူကြီးများက အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်မွန်တေဂူကို အချက်(၉)ချက်ပါဝင်သော အဆင့်မီတက္ကသိုလ် ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ထို့ကြောင့် ဗြိတိသျှအစိုးရသည် ၁၉၁၈ ခုနှစ်တွင် သီးခြားတက္ကသိုလ်တည်ဆောက်ရေးအတွက် ပညာမင်းကြီး မစ္စတာ မတ်ဟာန်းတားကို ဦးဆောင်စေပြီး တက္ကသိုလ်ဖွဲ့စည်းရေး၊ ဥပဒေရေးဆွဲရေးအတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ရပါသည်။ ၁၉၁၉ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ပညာမင်းကြီးနှင့်အဖွဲ့တင်ပြသော တက္ကသိုလ်ဥပဒေမူကြမ်းနှင့် သီးခြားတက္ကသိုလ်တည်ဆောက်ရေးကို ဗြိတိသျှအစိုးရလက်ခံကာ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး သီးခြားတက္ကသိုလ် ဆောက်လုပ်စေခဲ့ပါသည်။ မြန်မာကျောင်းသားမျိုးချစ်ပုဂ္ဂိုလ်တို့သည် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို လက်မခံဘဲ သပိတ်မှောက်တိုက်ပွဲဝင်ခဲ့ကြပါသည်။



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်း

**စတင်သန္ဓေတည်**

ရန်ကုန်တက္ကသိုလ်သည် ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလမှ စတင်သန္ဓေတည်ကာ ယခုတည်ရှိနေသော တက္ကသိုလ်ပရဝဏ်ကြီးကို ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ စတင်တည်ထောင်စတွင် တစည်းတလုံးတည်း ပုံစံစနစ်ဖြင့် တည်ထောင်ရန်စီစဉ်ခဲ့ပါသည်။ သို့သော် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလတွင် သီးခြားတက္ကသိုလ်ကြီးအဖြစ် ရပ်တည်ခွင့်ရခဲ့ပါသည်။ ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ကွပ်ကဲသော မန္တလေးဥပစာကောလိပ်၊ ၁၉၃၀ ပြည့်နှစ်တွင် ဆေးကောလိပ်နှင့် ၁၉၃၁ ခုနှစ်တွင် ဆရာဖြစ်သင်ကောလိပ်၊ ၁၉၃၈ ခုနှစ်တွင် မန္တလေး စိုက်ပျိုးရေးကောလိပ်တို့ကို ရန်ကုန်တက္ကသိုလ်၏ အပေါင်းပါကောလိပ်များအဖြစ် ဖွင့်လှစ်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးသော အဓိပတိမှာ ဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ဂရက်ဒေါက် (၁၉၂၀–၁၉၂၃) အထိဖြစ်သည်။ စစ်ကြိုခေတ်တွင် ရန်ကုန်တက္ကသိုလ်ကို အစိုးရထောက်ပံ့မှုအနည်းငယ်သာရှိခဲ့ပြီး ၁၉၂၂ ခုနှစ်တွင် ငွေကျပ် (၅) သောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ငွေကျပ် (၁) သိန်း(၂) သောင်းရှိခဲ့ရာ ဒုတိယဘုရင်ခံချုပ် ဆာဟာကုတ်ဘတ္တလာက မြန်မာနိုင်ငံအနှံ့အပြားတွင် အာဝါဒေးခေါ် လောင်းကစားပွဲများဖွင့်လှစ်ပေးရာ တက္ကသိုလ်တည်ဆောက်ရေးကျောင်းရန်ပုံငွေရှာခွင့်ပြုခဲ့သည်။

ရန်ကုန်တက္ကသိုလ် နယ်မြေအတွင်း အထင်ရှားဆုံး အဆောက်အဦဖြစ်သည့် ဘွဲ့နှင်းသဘင်ခန်းမကို ဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ဂရက်ဒေါက်က ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် အုတ်မြစ်ချပေးခဲ့ပြီး စတင်ဆောက်လုပ်ခဲ့ရာ ၁၉၃၁ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ၁၉၂၃ ခုနှစ်တွင် ကျောင်းသားဦးရေများလာသဖြင့် လောင်းကစားပွဲမှရရှိသော ရန်ပုံငွေဖြင့် တကောင်းဆောင်နှင့် ပြည်ကျောင်းဆောင်တို့ကို သစ်သားဖြင့် စတင်ဆောက်လုပ်ခဲ့ရာ ၁၉၂၄ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ၁၉၂၅ ခုနှစ်တွင် သထုံကျောင်းဆောင်ကို စတင်ဆောက်လုပ်ရာ ၁၉၂၆ ခုနှစ်တွင် ကျောင်းသား ၁၃၆ ဦးနေနိုင်သော အဆောင် ပြီးစီးခဲ့ပါသည်။ စာမျက်နှာ ၁၁ သို့ ✻




ရန်ကုန်တက္ကသိုလ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် အဓိပတိလမ်း

❋ စာမျက်နှာ ၁၀ မှ

၁၉၂၇ ခုနှစ်တွင် တက္ကသိုလ်စာကြည့်တိုက် ဆောက်လုပ်ရန် ရောင်းဗဟာဒူးအက်ရာမာနာ သာရက်ဒီယာက ငွေကျပ် (၂) သိန်းလှူဒါန်းရာ ဗိသုကာပညာရှင် ဖော်စတာက ဒီဇိုင်းရေးဆွဲပြီး ဆောက်လုပ်ခဲ့ရာ ၁၉၃၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တက္ကသိုလ်ဆေးရုံကို ၁၉၂၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

**ဘင်တန်ဟော**

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမကို ၁၉၂၈ ခုနှစ် နိုဝင်ဘာလတွင် အုတ်မြစ်ချပေးခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အလှူရှင်ဖြစ်သူ အမေရိကန်လူမျိုး ကာရိုလိုင်းအေဘင်တန်(Caroline A Benton) ကို အစွဲပြု၍ ဘင်တန်ဟောကို ၁၉၂၈ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၁၉၃၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဘင်တန်ဟောကို သီရိဆောင်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်၊ သထုံဆောင်၊ အင်းဝဆောင်၊ ရွှေဘိုဆောင်နှင့် ဒဂုံဆောင်တို့ကို ၁၉၂၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ပဲခူးဆောင်သည် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝကနေခဲ့သော အဆောင်ဖြစ်သည်။ ဒဂုံဆောင်သည် မူလက ဂျပ်ဆင်ကောလိပ်အတွက် ဝိဘင်တန်ဟောအမည်ဖြင့် ရှိခဲ့ပြီး ဗိုလ်အောင်ကျော်(ကျဆုံး) နေခဲ့သော အဆောင်ဖြစ်သည်။

၁၉၂၉-၁၉၃၀ ပြည့်နှစ်တွင် တက္ကသိုလ်အဆောက်အဦ တည်ဆောက်ရေးအဖွဲ့က ဆရာဖြစ်ကောလိပ်ဆောင်နှင့် ကျောင်းသား ၁၂၀ နေနိုင်သောအဆောင်တစ်လုံး၊ အဆောင်မှူးများနေထိုင်သောအဆောင်နှင့် ကျောင်းအုပ်ကြီးနေအိမ်တို့ကို ဆောက်လုပ်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအသင်းတိုက် တည်ဆောက်ရန်အတွက် ဒေါက်တာဦးညိုက ငွေကျပ်တစ်သိန်းနှစ်သောင်းလှူဒါန်းရာ ၁၉၂၉ ခုနှစ်တွင် စတင်ဆောက်လုပ်ပြီး ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ကျောင်းသားသမဂ္ဂအဆောက်အဦသည် မြန်မာပြည်လွတ်လပ်ရေးရရှိရန်အတွက် တက္ကသိုလ်ကျောင်းသားများ စုဝေးရာ၊ စည်းဝေးရာ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂအဆောက်အဦ ဖျက်ဆီးခံခဲ့ရပါသည်။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က မြန်မာနိုင်ငံဂုဏ်ဆောင် အားကစားသမားများစွာ ပေါ်ထွန်းခဲ့သည်။ ထိုသို့ပေါ်ထွန်းရခြင်းမှာ တက္ကသိုလ်အားကစားကွင်း၊ တင်းနစ်ကွင်းများ၊ ရေကူးကန်၊ ဘောလုံးကွင်းများ၊ လှေလှော်ရွက်တိုက်အသင်းများကို တည်ဆောက်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် အားကစားရုံကြီးကို ကုန်သည်ကြီး ချန်ချောခိုင် ဆိုသူက ငွေကျပ် တစ်သိန်းလှူဒါန်းသဖြင့် ၁၉၂၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ ဂျပ်ဆင်ဘုရားရှိခိုးကျောင်း မျှော်စင်ကို ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဒုတိယဘုရင်ခံချုပ်က အုတ်မြစ်ချပေးခဲ့သည်။ အမေရိကန်သာသနာပြုအဖွဲ့နှင့် သူဌေးကြီးရော့ဖဲလားမိသားစုတို့က အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည်။ တက္ကသိုလ်ဓမ္မာရုံကြီးကို အလယ်တောရဆရာတော် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့ရ ကောသလ္လာဘိဓဇက ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလတွင် အုတ်မြစ်ချပေးခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် ပြီးစီးသဖြင့် နိုဝင်ဘာလတွင် အခမ်းအနားဖြင့် ဖွင့်လှစ်သည်။ တက္ကသိုလ်စာတိုက်၊ တက္ကသိုလ်စာအုပ်ဆိုင်၊ ဖုန်းလိုင်းရုံးခွဲ၊ ပါမောက္ခနေအိမ်များ၊ အလုပ်သမားတန်းလျားများကို ဒုတိယကမ္ဘာစစ်မတိုင်မီ(၁၉၄၅ ခုနှစ်)ကပင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။



နှစ်ပေါင်း (၁၀၀)ကျော်သက်တမ်းရှိ ရန်ကုန်တက္ကသိုလ်အတွင်းမှ သစ်ပုပ်ပင်ကြီး

**ပြောင်းရွှေ့ဖွင့်လှစ်**

လွတ်လပ်ရေးရပြီးခေတ်တွင် ရန်ကုန်တက္ကသိုလ် လက်အောက်ခံအဖြစ် ဖွင့်လှစ်ခဲ့သော ကောလိပ်များမှာ ၁၉၅၃ ခုနှစ်တွင် မော်လမြိုင် ဥပစာကောလိပ်၊ ၁၉၅၄ ခုနှစ်တွင် ကျောက်ဖြူကောလိပ်၊ ၁၉၅၅ ခုနှစ်တွင် ရန်ကင်းနှင့်ထီးတန်းကောလိပ်၊ မကွေးကောလိပ်၊ ၁၉၅၈ ခုနှစ်တွင် ပုသိမ်ဥပစာကောလိပ်နှင့် ဗထူးတပ်မြို့ရှိ စစ်တက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်လက်အောက်ခံအဖြစ် ၁၉၅၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မေမြို့၊ ပြင်ဦးလွင်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၏ အပေါင်းပါ ဆေးကောလိပ်ကို ၁၉၃၀ ပြည့်နှစ်တွင် လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်လမ်းထောင့်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အင်ဂျင်နီယာကောလိပ်ကို BOC ကုမ္ပဏီက အကုန်အကျခံကာ ဆောက်လုပ်ခဲ့ကာ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဒုတိယဘုရင်ခံချုပ်က ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်သက်ဝင်လှုပ်ရှားပြီး ၁၉၂၅ ခုနှစ်တွင် တက္ကသိုလ်အဆောက်အဦများဆောက်လုပ်ရေး ကော်မတီအဖြစ် ဖွဲ့စည်းတည်ဆောက်ခဲ့ရာ အဆောက်အဦများ ၁၉၃၁ ခုနှစ်တွင် ပြီးစီး သဖြင့် ၁၉၃၂ ခုနှစ် ဩဂုတ်လတွင် ကော်မတီကို ဖျက်သိမ်းခဲ့ပါသည်။ စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်ကို ဗြိတိသျှအစိုးရက မြေနေရာရွေးချယ်ခြင်း၊ အဆောက်အဦဖွဲ့စည်းခြင်း၊ ဗိသုကာရှင်ဖြင့် စနစ်တကျ ဆောက်လုပ်ခဲ့ခြင်းကြောင့် ကျောင်းပရဝဏ်ကြီးသည် အလွန်စနစ်ကျ လှပခံ့ညားပြီး အရှေ့တောင်အာရှတွင် ကြီးကျယ်ထင်ရှားသော တက္ကသိုလ်ကြီးအဖြစ် ရပ်တည်ခဲ့ပါသည်။

**သစ်ပုပ်ပင်**

ထူးခြားသည်မှာ မြေနေရာရွေးချယ်စဉ်က နာနတ်တောနှင့် သစ်တောကြီးများအတွင်း တောရိုင်းတိရစ္ဆာန်များ ခိုအောင်းနေထိုင်ရာတွင် သစ်ပုပ်ပင်ကြီးတစ်ပင်သည် အထီးတည်းတည်ရှိနေရာ သစ်တောအရာရှိ အေရော်ဂျာက သစ်ပုပ်ပင်၏ သက်တမ်းသည် နှစ်ပေါင်း ၁၀၀ မက ရှိနိုင်သည်ဟု တွက်ချက်ပြီး ချန်ရစ်ကာ မခုတ်ဘဲ ထားရှိခဲ့ပါသည်။ အဆိုပါသစ်ပုပ်ပင်ကြီးသည် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်နယ်မြေ စတင်တည်ဆောက်စဉ်ကပင် တက္ကသိုလ်၏ ဘဝ၊ တက္ကသိုလ်၏ အလှ၊ တက္ကသိုလ်၏ အစကို ခံ့ညားထည်ဝါစွာ စောင့်ရှောက်နေခဲ့ရာ ယခုဆိုလျှင် နှစ် ၁၀၀ သက်တမ်း ရန်ကုန်တက္ကသိုလ်ကြီးထက် အသက်ကြီးသော၊ ဩဇာကြီးသော၊ ပုံရိပ်ကြီးသော သစ်ပုပ်ပင်ကြီး၏အရိပ်တွင် ရန်ကုန်တက္ကသိုလ်သမိုင်း၏ ရင်ခုန်သံသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့နေပေလိမ့်မည်။ ကျောင်းသားကျောင်းသူဟောင်းများနှင့် ယနေ့ကာလကျောင်းသားလူငယ်များ၏ လှုပ်ရှားမှုပုံရိပ်များ၊ ရာပြည့်ကို ပါဝင်ဆင်နွှဲပျော်ရွှင်နေမှုများ၏ ပုံရိပ်များသည် တက္ကသိုလ်နယ်မြေအတွင်း ကျယ်လောင်စွာ မြည်ဟည်း၊ ရာပြည့်ခရီးကို လျှောက်လှမ်းနေကြသည်မှာ ကြည်နူးစရာပင် ဖြစ်ပေတော့သည်။

ရာပြည့်သဘင်ပွဲကြီးကို တစ်ချိန်က ရန်ကုန်တက္ကသိုလ် လက်အောက်ခံဖြစ်ခဲ့သော ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ယခုတည်ရှိဆဲ တက္ကသိုလ်ကောလိပ် အသီးသီးမှ ကျောင်းသား ကျောင်းသူများသည်လည်း ရန်ကုန်တက္ကသိုလ်၏ သား၊ သမီး၊ မြေး၊ မြစ်များဖြစ်ကြလေရာ ရာပြည့်သမိုင်းပုံရိပ်တွင် ပါဝင်ဆင်နွှဲကြခြင်းဖြင့် ရန်ကုန်တက္ကသိုလ်ကြီးကို ဂုဏ်ပြုမှတ်တမ်းတင်ကြရန် ဖိတ်ခေါ်လိုက်ရပါသည်။



ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက နေထိုင်ခဲ့သော ပဲခူးဆောင်



## အာဖဂန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာဆတ်ဂါနီ ဦးဆောင်

**ကဘူးလ် ဒီဇင်ဘာ ၂၃**
အာဖဂန်သမ္မတရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ လက်ရှိသမ္မတ အာဆတ်ဂါနီက မဲအားလုံး၏ ၅၀ ဒသမ ၆၄ ရာခိုင်နှုန်းကိုရရှိကာ ဒုတိယသက်တမ်းအတွက် အောင်မြင်မှုရရှိရန် တစ်ပြေးလျက်ရှိသည်။ ၎င်း၏အဓိကပြိုင်ဘက်မှာ အစိုးရအဖွဲ့အကြီးအကဲ အဗ္ဗဒူလာဖြစ်ပြီး မဲအားလုံး၏ ၃၉ ဒသမ ၅၂ ရာခိုင်နှုန်း ရရှိခဲ့သည်။

အောင်မြင်မှုများဖြင့် ပျော်ရွှင်နေသော ဂါနီသည် ဒုသမ္မတနှစ်ဦးခြံရံလျက် ရုပ်မြင်သံကြားမိန့်ခွန်းပြောကြားရာတွင် ၎င်းက ယခုရရှိသော ရွေးကောက်ပွဲအောင်မြင်မှုသည် အာဖဂန်တစ်မျိုးသားလုံးအတွက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ကြီးမြတ်သော နိုင်ငံသားများနှင့် ထိုက်တန်သော အစိုးရကို ဖွဲ့စည်းသွားမည်ဟု ဂါနီက ပြောကြားခဲ့သည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲစာရင်းကို အပြီးသတ်ကြေညာခြင်းမပြုမီ စောဒကတက်နိုင်ရန် အချိန်သုံးရက်မျှ ကျန်နေသေးကြောင်း သိရသည်။ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိမ်လည်သူများဘက်မှ ရပ်တည်ခဲ့ကြောင်း၊ အာဖဂန်နိုင်ငံအတွင်း အခြားသောခရိုင်များမှ မဲများကို ပြန်လည်ရေတွက်ရန်နှင့် ပြည်သူများက သန့်ရှင်းစွာပေးသော မဲဆန္ဒများအရ အနိုင်ရသူဖြစ်ကြောင်း အဗ္ဗဒူလာက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ယခုရရှိသောရလဒ်သည် ပဏာမအဆင့်သာရှိသေးကြောင်း၊ ရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်ကို အတည်ပြုနိုင်ရန် အဆင့်များစွာကျန်သေးကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘတ်က ပြောကြားခဲ့သည်။ ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်သူများနှင့် ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲကော်မရှင်၏ မဲရေတွက်မှုဆိုင်ရာ ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး ဝေဖန်ခဲ့ကြသည်။

ရွေးကောက်ပွဲကော်မရှင်၏ အကြီးအကဲ အမျိုးသမီး ဟာဝါအလန်နော်ရီစတာနီက မိမိတို့ရွေးကောက်ပွဲကော်မရှင်သည် ရိုးသားမှု၊ သစ္စာရှိမှုနှင့် တာဝန်သိမှုများဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။ ဒီမိုကရေစီစနစ်ရှင်သန်ရန်အတွက် မိမိတို့အနေဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ မဲဆန္ဒတစ်မဲချင်းစီကို လေးစားပြီး ဆောင်ရွက်ခဲ့ကြောင်း ဟာဝါအလန်နော်ရီစတာနီက ပြောကြားသည်။

အာဖဂန်ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးကော်မရှင်၏ အကြီးအကဲ အမျိုးသမီး ဇူရာဘာရန်ရှင်ဝါရီက ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့အား ထောက်ခံသူများအနေဖြင့် ရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်ထွက်ပေါ်လာသည့်တိုင် စောင့်ဆိုင်းသင့်ကြောင်း ပြောကြားသည်။ မိမိတို့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေကို ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## ခရစ္စမတ်ကာလအတွင်း လက်ဝဲဝါဒီပြောက်ကျားအုပ်စုနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ဒူတာတေး ကြေညာ

**မနီလာ ဒီဇင်ဘာ ၂၃**
ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် ခရစ္စမတ်ကာလအတွင်း လက်ဝဲဝါဒီပြောက်ကျားများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို ဒီဇင်ဘာ ၂၂ ရက်က ကြေညာခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဆာလ်ဗာဒေါ်ပါနီလိုက ပြောသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ ကြာမြင့်မည့် အဆိုပါပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်သည် ဖိလစ်ပိုင်ပြည်သူအားလုံးအနေဖြင့် ၎င်းတို့၏ ချစ်ခင်မြတ်နိုးသူများနှင့်အတူ ခရစ္စမတ်ပွဲတော်ကာလအတွင်း အကြမ်းဖက်မှုနှင့် အခြားသော နှောင့်ယှက်မှုအန္တရာယ်များမှကင်းလွတ်ပြီး ပွဲတော်ကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက်ရည်ရွယ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းပြောကြားသည်။

ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၊ ပြည်သူ့တပ်မတော်သစ်နှင့် အမျိုးသားဒီမိုကရက်တစ်တပ်ဦးတို့ ပါဝင်သော ညွန့်ပေါင်းအဖွဲ့နှင့်အတူ တစ်ဖက်သတ် ပစ်ခတ်တိုက်မှုရပ်စဲရေးသဘောတူစာချုပ်တစ်ရပ်ကို ကြေညာရန် သမ္မတ ဒူတာတေးက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ပါနီလိုက ဆက်လက်ပြောကြားသည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၂ နာရီမှ စတင်အသက်ဝင်မည်ဖြစ်ကာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်အထိ သက်တမ်းကြာမြင့်မည်ဖြစ်သည်။

ဖိလစ်ပိုင်ကွန်မြူနစ်ပါတီသည် ဖိလစ်ပိုင်အစိုးရဘက်မှ ခရစ္စမတ်ကာလ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မကြေညာမီ မိနစ်အနည်းငယ်အလိုတွင် တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို ဒီဇင်ဘာ ၂၂ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

ဒူတာတေးသည် ၂၀၁၆ ခုနှစ်က သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်လာခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ စစ်သွေးကြွအုပ်စုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြန်လည်စတင်ခဲ့သည်။ သို့သော် ဒူတာတေးသည် သောင်းကျန်းသူများနှင့် အစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကို အဆုံးသတ်ရန် ယခုနှစ် မတ်လက ဆုံးဖြတ်လိုက်ပြီး အစိုးရအနေဖြင့် သောင်းကျန်းသူများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် ရည်ရွယ်ချက်မရှိတော့ကြောင်း ပြောဆိုလိုက်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



## ဂျပန်၊ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးမှုများပြုလုပ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး စီစဉ်လျက်ရှိ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို



ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆူမိုတီဂီ

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**
အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆူမိုတီဂီနှင့် ဆွေးနွေးမှုများပြုလုပ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက စီစဉ်လျက်ရှိသည်။

အမေရိကန်နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းဒေသရှိ မြို့တစ်မြို့တွင် ကျင်းပမည့် အဆိုပါဆွေးနွေးပွဲများကို ဖြစ်နိုင်ပါက ဇန်နဝါရီလလယ်ပိုင်းတွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း ဝါရှင်တန်ရှိ သံတမန်သတင်းအရင်းအမြစ်များက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေး မည်သို့ပူးပေါင်းဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့်အခြေအနေကို ဆွေးနွေးရန် ပွန်ပီယိုနှင့် မိုတီဂီတို့က မျှော်လင့်လျက်ရှိသည်။

မဆုတ်သာမတိုးသာ အခြေအနေတွင်ရှိနေသည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် အမေရိကန်အစိုးရအနေဖြင့် ယခုနှစ်ကုန်ပိုင်းမှ စတင်ကာ အလျှော့ပေးမှုများ လုပ်ဆောင်ရန် ပြုံယမ်းက တောင်းဆိုထားသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကင်ချောင်ဝှါသည်လည်း ဇန်နဝါရီလလယ်ပိုင်းတွင် အမေရိကန်သို့ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားသည်။ ထို့ကြောင့် မိုတီဂီနှင့် ကင်ချောင်ဝါတို့ တစ်ချိန်တည်း အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဆိုပါက အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားတို့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသည် ငါးလအတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်း ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သားတစ်ဦး သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၂၃**
ဒီဇင်ဘာ ၂၃ ရက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုမှာ ၎င်းတို့၏ လုပ်ဆောင်မှုဖြစ်ပြီး ယင်းတိုက်ခိုက်မှုတွင် အမေရိကန်စစ်သားတစ်ဦးသေဆုံးကာ အချို့ဒဏ်ရာရခဲ့ကြောင်း တာလီဘန်အဖွဲ့က ပြောသည်။

အမေရိကန်စစ်သည် သေဆုံးခဲ့ရသည့် ယင်းတိုက်ခိုက်မှုသည် အမေရိကန်နှင့် တာလီဘန်အဖွဲ့တို့အကြား ဆက်လက်ပြုလုပ်နေသည့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများအပေါ် အကျိုးဆက်တစ်ခု ဖြစ်ပေါ်ဖွယ်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ် စက်တင်ဘာလအတွင်းက တာလီဘန်ကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန် ကိုယ်စားလှယ်အဖွဲ့တို့ ပြုလုပ်နေသည့် ညှိနှိုင်းစေ့စပ်ဆွေးနွေးမှုများကို ရပ်ဆိုင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်၌ တာလီဘန်တို့၏ ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာတွင် အမေရိကန်စစ်သည်တစ်ဦး သေဆုံးခဲ့ပြီးနောက်တွင် သမ္မတထရမ့်က စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကို ရပ်ဆိုင်းကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ကိုယ်စားလှယ်အဖွဲ့နှင့် တာလီဘန်ကိုယ်စားလှယ်အဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးမှုများကို ဒီဇင်ဘာလ အစောပိုင်းက ကာတာနိုင်ငံ၏မြို့တော် ဒိုဟာ၌ ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးမှုများ ပြုလုပ်နေချိန်တွင် မြို့တော်ကဘူးလ်၏ မြောက်ဘက်ရှိ ဘာဂရမ်လေတပ် အခြေစိုက်စခန်းတွင် နောက်ထပ် ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် ညပိုင်းတွင် ကွမ်ဒုဇ်ပြည်နယ် ချာဒါခရိုင်တွင် အမေရိကန်စစ်ဘက်မှ ယာဉ်တစ်စီး ဖောက်ခွဲဖျက်ဆီးခံရပြီး အမေရိကန်နှင့် အာဖဂန်စစ်ဘက်မှ တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ပြောသည်။

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် ဒီဇင်ဘာ ၂၃ ရက်တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့က ပြောသည်။

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့များ၏ ချေမှုန်းရေးစစ်ဆင်မှုများ တရားဝင်အဆုံးသတ်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်သည် အမေရိကန်စစ်သည် သေဆုံးမှုအများဆုံးနှစ်ဖြစ်သည်။

အာဖဂန်နစ္စတန် နိုင်ငံတွင်းသို့ အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၁ ခုနှစ် အောက်တိုဘာလမှစတင်ကာ ယနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၄၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

## ဆီးရီးယားဒုက္ခသည်များ ပိုမိုဝင်ရောက်လာခြင်းကို စိုးရိမ်ပူပန်မိဟု တူရကီသမ္မတပြော

**အန်ကာရာ ဒီဇင်ဘာ ၂၃**


တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံမှစွန့်ခွာထွက်ပြေးလာသူများ ထပ်မံဝင်ရောက်လာမှုကို မကိုင်တွယ်နိုင်တော့ကြောင်း သမ္မတ အာဒိုဂန်က ပြောကြားလိုက်သည်။

ဆီးရီးယားတပ်မတော်က အိုင်ဒလစ်ပြည်နယ်ရှိ အတိုက်အခံတပ်ဖွဲ့များ၏ နောက်ဆုံးခြေကုပ်စခန်းကို တိုက်ခိုက်မှုများ အရှိန်မြှင့်တင်လုပ်ဆောင်နေစဉ် တူရကီသမ္မတ အာဒိုဂန်သည် ယမန်နေ့က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ခြင်း ဖြစ်သည်။ ရုရှားနိုင်ငံကလည်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရအဖွဲ့ကို ထောက်ခံလျက်ရှိသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ထောင်ချီသောဒေသခံများသည် ထိုဒေသမှထွက်ခွာလာကြကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

ပိုင်ဆိုင်သောပစ္စည်းများကို ကားဖြင့်တင်ဆောင်ကာ ထွက်ပြေးလာသည့်ဒေသခံများကို အကူအညီပေးရေးအတွက် အလုပ်သမားများက ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေနေပုံကို ရုပ်သံပြကွက်များတွင် ပြသနေသည်။ ဆီးရီးယားပြည်သူ ၈၀၀၀၀ ကျော်မှာ အိုင်ဒလစ်ပြည်နယ်မှ တူရကီနိုင်ငံသို့ ရွှေ့ပြောင်းနေသည်ဟု သမ္မတအာဒိုဂန်က ပြောသည်။ အကြမ်းဖက်မှုမရပ်တန့်ပါက ရွှေ့ပြောင်းသူအရေအတွက် မြင့်တက်လာဖွယ်ရှိသည်ဟု ၎င်းကပြောကြားသည်။ တူရကီနိုင်ငံသည် ဆီးရီးယားဒုက္ခသည်များ အဓိကသွားရောက်ရာနိုင်ငံဖြစ်ပြီး လက်ရှိတွင်ဆီးရီးယားဒုက္ခသည် ၃ ဒသမ ၇ သန်းခန့် တူရကီနိုင်ငံ၌ ခိုလှုံလျက်ရှိသည်။

တူရကီနိုင်ငံက ယနေ့တွင် ရုရှားနိုင်ငံသို့ အကြီးတန်းတာဝန်ရှိသူတစ်ဦး စေလွှတ်ခဲ့သည်။ အဆိုပါသံတမန်က အိုင်ဒလစ်ပြည်နယ်၌ ဆီးရီးယားတပ်ဖွဲ့၏ ထိုးစစ်ဆင်မှုရပ်တန့်ရန် ရုရှားနိုင်ငံထံ မေတ္တာရပ်ခံခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် -ကျော်ထိုက်စိုး**



## နှစ်နိုင်ငံအကြားဆက်ဆံရေးတိုးမြှင့်ရန် တရုတ်နှင့်တောင်ကိုရီးယားသမ္မတတို့ တိုက်တွန်း

**ပေကျင်း ဒီဇင်ဘာ ၂၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့သည် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်၌ ဒီဇင်ဘာ ၂၃ ရက်တွင် တွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၎င်းတို့၏မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာတောင့်တင်းစေရေးအပါအဝင် နှစ်နိုင်ငံ၏ အဓိကအကျိုးစီးပွားများနှင့် စိုးရိမ်ပူပန်မှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အခြားအဆင့်တစ်ခုသို့ တိုးမြှင့်သင့်ကြောင်း ရှီကျင့်ဖျင်က ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် တရုတ်နိုင်ငံ အနောက်တောင်ဘက် ချဲန်ဒူးမြို့တွင် ဒီဇင်ဘာ ၂၄ ရက်မှစ၍ ကျင်းပမည့် တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံခေါင်းဆောင်တို့၏ (၈) ကြိမ်မြောက်အစည်းအဝေးကို တက်ရောက်ရန် ပေကျင်းမြို့သို့ရောက်ရှိလာခဲ့ပြီး ပေကျင်းမြို့၌ရှိနေစဉ် တရုတ်သမ္မတနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## တောမီးကြောင့် သြစတြေးလျ၌ လူနေအိမ်အများအပြား ပျက်စီး

**ကင်ဘာရာ ဒီဇင်ဘာ ၂၃**

ပြီးခဲ့သည့်သီတင်းပတ်ကုန်က သြစတြေးလျနိုင်ငံ တောင်သြစတြေးလျပြည်နယ်ရှိ အက်ဒီလိတ် တောင်ကုန်းဒေသတွင် တောမီးလောင်မှု အကြီးအကျယ်ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းရှိ နေရာပေါင်း၂၀၀ နီးပါးတွင် ယနေ့အစောပိုင်းအထိ တောမီးဆက်လက်လောင်ကျွမ်းလျက်ရှိသည်။

ယမန်နေ့က တောင်သြစတြေးလျပြည်နယ် အက်ဒီလိတ်တောင်ကုန်းဒေသတွင် ဖြစ်ပွားသော တောမီးလောင်ကျွမ်းမှုများကြောင့် လူနေအိမ် ၈၀ ကျော် ပျက်စီးသွားပြီး အမျိုးသား တစ်ဦးလည်း သေဆုံးခဲ့သည်ဟု တောင်သြစတြေးလျပြည်နယ် ဝန်ကြီးချုပ် စတီဗင်မာရှာလ်က အတည်ပြုပြောကြားသည်။

ကနဦးက အက်ဒီလိတ်တောင်ကုန်းဒေသတွင် တောမီးကြောင့် နေအိမ် ၁၅ လုံးသာ ပျက်စီးကြောင်း တာဝန်ရှိသူများက ခန့်မှန်းထားသော်လည်း ခန့်မှန်းထားသည်ထက် အိမ်ခြေအရေအတွက် ပိုမိုပျက်စီးခဲ့သည်။

ပြီးခဲ့သည့်နိုဝင်ဘာလနှင့် ဒီဇင်ဘာလအစပိုင်းက သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် တောမီးကြောင့် အိမ်ခြေ ၇၀၀ ကျော် ပျက်စီးခဲ့ပြီး တောင်သြစတြေးလျပြည်နယ်၌ တောမီးကြောင့်ပင် အိမ်ခြေ ၈၀ ကျော် ထပ်မံပျက်စီးခဲ့ခြင်း ဖြစ်သည်။

မိသားစုဝင်များသည် မီးလောင်မှုဖြစ်ပွားပြီးနောက် ၎င်းတို့နေအိမ်များသို့ ပြန်လာကြရာ ပျက်စီးဆုံးရှုံးမှု မြင်ကွင်းကိုသာ တွေ့မြင်ခဲ့ရသည်။ အဆိုပါ မီးလောင်မှုသည် တောင်သြစတြေးလျ ပြည်နယ်အတွက် အလွန်ဝမ်းနည်းဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် မာရှာလ်ကသတင်းထောက်များကို ပြောကြားသည်။

"အသက် ၆၉ နှစ်အရွယ် ရွန်ဆဲလ်သ်ဆိုသူရဲ့ရုပ်အလောင်းကို ၎င်းရဲ့နေအိမ်ထဲမှာရှာဖွေတွေ့ရှိခဲ့တာပါ။ သူဟာချစ်ခြင်းမေတ္တာနှင့် အကောင်းမြင်ဝါဒရှိပြီး ရက်ရောသူတစ်ဦးဖြစ်သလို မိသားစုနဲ့သူ့ရဲ့ သူငယ်ချင်းတွေအပေါ် တန်ဖိုးထားတတ်တဲ့လူတစ်ဦးဖြစ်ပါတယ်"ဟု ၎င်း၏မိသားစုက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သောကြာနေ့က တိုက်ခတ်သည့်လေပြင်းကြောင့် အပူချိန်စံချိန်တင်ခဲ့ပြီးနောက် နိုင်ငံအနှံ့တွင် တောမီးလောင်မှုနေရာ ရာနှင့်ချီဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာပင် တောင်သြစတြေးလျပြည်နယ် မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြည်နယ်၏နေရာတချို့တွင် လွန်ကဲသော မီးလောင်မှု ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု သတိပေးထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## အုန်းရည်ဝိုင်သောက်သုံးမိ၍ ဖိလစ်ပိုင်တွင် ၁၁ ဦးသေဆုံးပြီး ၃၀၀ ကျော် ဆေးရုံတက်ကုသနေရ

**မနီလာ ဒီဇင်ဘာ ၂၃**

မက်သနောပမာဏများစွာပါဝင်သည်ဟု ယူဆရသည့် အုန်းရည်ဖြင့်ပြုလုပ်သည့် ဝိုင်ကိုသောက်သုံးမိပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် လူ ၁၁ ဦးသေဆုံးပြီး လူအမြောက်အမြားကိုဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အုန်းရည်ဝိုင် အဆိပ်သင့်သူများအားလုံးသည် မနီလာမြို့အရှေ့တောင်ဘက်ရှိ ရီဇယ်မြို့၌ ရုံးပိတ်ရက်အတွင်း ကျင်းပခဲ့သည့်စုဝေးပွဲသို့တက်ရောက်ခဲ့ကြသူများဖြစ်ပြီး ယင်းဒေသတွင် လမ်ဘာနော့ဟုအမည်ရသည့်ဝိုင်ကို သောက်သုံးမိပြီးနောက် ဝမ်းဗိုက်နာကျင်သည့်ဝေဒနာခံစားရကြောင်း ပြောဆိုခဲ့ကြသည်။

လူနာများကို ဆေးကုသပေး ရန်အတွက် အားလပ်ရက်ခွင့်ခံစားနေသည့် ဆရာဝန်များစွာကို အလုပ်သို့ လာရောက်သတင်းပို့ရန် ခေါ်ယူခဲ့ရကြောင်း မနီလာမြို့ရှိအထွေထွေရောဂါကုဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ ဂျို့စ်ဂျိုနပ်စ်ဒယ်လ်ရိုဆာရီယိုက အေအက်ဖ်ပီသို့ပြောသည်။

ဝိုင်အဆိပ်သင့်သူ ၃၀၀ ကို ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း၊ ၎င်းတို့အားလုံးသည် ယင်းဒေသတွင်ဝယ်ယူသည့် အမှတ်တံဆိပ်တူဝိုင်ကို သောက်သုံးခဲ့ကြခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ဒေသန္တရအစိုးရက အဆိုပါဝိုင်ရောင်းချမှုကို ချက်ချင်းတားမြစ်ခဲ့သည်။ အဆိုပါဝိုင်သည် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ဝယ်လိုအားမြင့်တက်လျက်ရှိသည်။

ဈေးကွက်အတွင်းရှိ အုန်းရည်ဝိုင်အများစုကို ဒေသခံများက အိမ်တွင်းလုပ်ငန်းများမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ မှတ်ပုံတင်ထားခြင်းမရှိသည့် ယမကာများရောင်းချခြင်းမပြုရန် အစိုးရက ယခင်က သတိပေးချက်များထုတ်ပြန်ခဲ့သည်။

အုန်းရည်ဝိုင်အချဉ်ဖောက်ခြင်းမှ ထွက်ပေါ်လာသည့်ဘေးထွက်ပစ္စည်းတစ်ခုမှာ မက်သနောဖြစ်ကြောင်း၊ မက်သနောသည် မျက်စိကွယ်ခြင်း၊ သေဆုံးခြင်းကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အချို့အုန်းရည်ဝိုင်ထုတ်လုပ်သူများက အမြတ်ပိုမိုရရှိရန်နှင့် ပမာဏများများရရှိရန်အတွက် အုန်းရည်ဝိုင်တွင် မက်သနောကိုရောထည့်ကြကြောင်း ဒေါက်တာဂျို့စ်ဂျိုနပ်စ်ဒယ်လ်ရိုဆာရီယိုက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

## နယူးဒေလီမြို့တော်ရှိ လူနေအဆောက်အဦ မီးလောင်မှုဖြစ်ပွား ကိုးဦးသေ နှစ်ဦးဒဏ်ရာရ

**နယူးဒေလီ ဒီဇင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် ယနေ့နံနက်ပိုင်းက လူနေအဆောက်အဦတစ်လုံး မီးလောင်ကျွမ်းခဲ့ရာ အမျိုးသမီးလေးဦးနှင့်ကလေးသုံးဦးအပါအဝင် လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်ဌာနမှတာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရာ လေးထပ်အဆောက်အအုံမှာ နယူးဒေလီမြို့တော်၏ အနောက်မြောက်ဘက် ကီရာရီဧရိယာ၌ တည်ရှိသည်။ လူသုံးဦးမှာ မီးလောင်သေဆုံးခဲ့ပြီး မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပြီးနောက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ဆောင်နေကြောင်း ဒေလီမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ အဂျေးကူးမားက ပြောသည်။ ဒဏ်ရာရရှိသူသုံးဦးကို အခင်းဖြစ်ရာနေရာမှ ကယ်တင်ခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိကာ ဒေသန္တရဆေးရုံတစ်ခု၌ ကုသပေးလျက်ရှိသည်။ မီးလောင်ကျွမ်းမှုမှာ သန်းခေါင်ယံအချိန်၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေလီရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးမှသာ မီးလောင်ကျွမ်းရသည့်အကြောင်းရင်းကို သိရှိရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကိုက် ၅၀ အကျယ်အဝန်းရှိ မြေကွက်တစ်ခုပေါ်တွင် တည်ဆောက်ထားသော အဝတ်အထည် ဂိုဒေါင်တစ်ခုအဖြစ် ပြောင်းလဲထားသည့် အဆိုပါ အဆောက်အအုံ၏ မြေညီထပ်တွင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ကူးမားကဆိုသည်။ ယခုဖြစ်ရပ်မှာ နယူးဒေလီမြို့တော်၌ ဒီဇင်ဘာလအတွင်း ဒုတိယမြောက်မီးလောင်မှုဖြစ်သည်။ ဒီဇင်ဘာ ၈ ရက်ကလည်း နယူးဒေလီမြို့တော်မြောက်ပိုင်းရှိ လူနေအဆောက်အဦတစ်လုံး၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၄၃ ဦး သေဆုံးခဲ့သည်။

စုံစမ်းစစ်ဆေးမှုအရ မီးလောင်မှုဖြစ်ပွားရာအဆောက်အဦကို တရားမဝင်ဆောက်လုပ်ခဲ့ပြီး လိုင်စင်မရှိ၊ မီးသတ်ကိရိယာများ တပ်ဆင်ခြင်းမရှိဘဲ လူနေအဆောက်အဦတစ်ခုအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# တပ်ကုန်း၊ ဟုမ္မလင်း၊ သိန္နီနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



လောက်စီအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်ကုန်းမြို့မရဲစခန်းမှ ဒုရဲအုပ်သန့်ဇင်ဖြိုးနှင့် မူးယစ်တပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့များသည် ဒီဇင်ဘာ ၂၂ ရက် ညနေ ၆ နာရီခွဲခန့်က သတင်းအရ ဂိုဒေါင်ကျေးရွာနှင့် ကျောက်ကြီးတောင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် ကျောက်ကြီးတောင်ကျေးရွာဘက်မှ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ယောက်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်သူ ကျော်လင်းဦး ကျွန်းပင်ကိုင်းကျေးရွာ ရမည်းသင်းမြို့နေသူ၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ် ၁၂ ထုပ်၊ ဆိုင်ကယ်နောက်မှလိုက်ပါလာသူ ဝင်းဇော်ဦး နေရပ်တူ၏ အကျီအိတ်ကပ်အတွင်းမှ ဆေးပြား နှစ်ပြား စုစုပေါင်းဆေးပြား ၂၄၀၂ ပြား သိမ်းဆည်းရမိခဲ့သည်။

**တင်ထွန်းတာ(တပ်ကုန်း)**

**ဟုမ္မလင်း**

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ်ကိုးထောင်ကျေးရွာအနီးတွင် နိုင်ဝင်း မောင်းနှင်ပြီး ကျော်လတ် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဟုမ္မလင်းမြို့နယ် ကိုးထောင်ကျေးရွာနေ အမျိုးသားတစ်ဦးမှာ အထုပ်တစ်ထုပ်ကိုကိုင်ပြီး ထွက်ပြေးသွားသည်ကို တွေ့ရှိ၍ လိုက်လံဖမ်းဆီးစဉ် အထုပ်အားပစ်ချခဲ့၍စစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၆၀ တို့ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ကိုးထောင်ကျေးရွာနေ ထွန်းဝင်းနှင့် ဒေါ်သောင်းမေတို့၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၉၉ ကီလိုနှင့် ငွေကျပ် ၁၃၅၀၀၀၀ တို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ပန်းလော့ကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးလမ်းတွင် လောက်စီ မောင်းနှင်လာသည့် Mark-II အမျိုးအစား အဖြူရောင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၂၈ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**တောင်ကြီး**

အလားတူ ယင်းနေ့ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ဇလဲ-အေးသာယာလမ်း ပလီလင်းလမ်းဆုံတွင် လင်းထက်အောင်မောင်းနှင်ပြီး ကိုဖြိုးလိုက်ပါလာသော ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မန္တလေးမြို့တွင် အိမ်စီးကားပေါ်မှ တစ်သောင်းတန် ငွေစက္ကူအတု အရွက်ရေ ၃၀၀၀ ကျော် ဖမ်းမိ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရတနာပုံတက္ကသိုလ်လမ်းခွဲမီးပွိုင့်၌ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက အိမ်စီးကားတစ်စီးပေါ်မှ ငွေစက္ကူအတု အရွက်ရေ ၃၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက် နံနက် ၄ နာရီခန့်တွင် အိမ်စီးကားတစ်စီးနှင့် ပြစ်မှုကျူးလွန်သူ ငါးဦးတို့ကို ဖမ်းဆီးခဲ့ပြီး အဆိုပါကားပေါ်တွင် ပလတ်စတစ်ပုံးများနှင့်အတူ ငွေစက္ကူများ တင်ဆောင်လာကြောင်း သိရသည်။

ထို့ကြောင့် ၎င်းတို့အား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## လှည်းကူးမြို့နယ်အတွင်းမှ တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသော ဇိမ်ခံယာဉ်တစ်စီး ဖမ်းမိ

**လှည်းကူး ဒီဇင်ဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အမြန်လမ်းပေါ်မှ တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသော ဇိမ်ခံယာဉ်တစ်စီးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးစီးသောအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီ ၁၀ မိနစ်ခန့်က လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းတွင် တရားမဝင်သစ်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုများကို တားဆီးပိတ်ဆို့ဆောင်ရွက်နေစဉ် မိုင်တိုင်(၁၅/၀) အရောက်တွင် ယာဉ်တစ်စီးကို ရပ်ခိုင်းစဉ် မောင်းပြေးသွားကာ ညောင်နှစ်ပင်စက်မှုဇုန်နေရာတွင်ရပ်တန့်၍ ယာဉ်ပေါ်ပါသူနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားပြီး အဆိုပါယာဉ်အတွင်းမှ တရားမဝင်ကျွန်းခွဲသား ၂၅ ချောင်း (၁ ဒသမ ၂၆၃၆ တန်) ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်ကျွန်းခွဲသားပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်**

## သံလွင်တံတား(မော်လမြိုင်) ရထားသံလမ်းဇလီဖားတုံးများ မီးလောင်

**မော်လမြိုင် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဒီဇင်ဘာ ၂၂ ရက် ညနေ ၆ နာရီခွဲက မော်လမြိုင်-မုတ္တမ သံလွင်မြစ်ကူး သံလွင်တံတား၏ RP- 18 တွင် ရထားသံလမ်းဇလီဖားတုံးများ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မော်လမြိုင်မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မော်လမြိုင် Rescue လူမှုကယ်ဆယ်ရေးအဖွဲ့တို့က ငြိမ်းသတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သံလွင်တံတား (မော်လမြိုင်) ရထားလမ်းသည် ထားဝယ်-ရေး-မော်လမြိုင်နှင့် ရန်ကုန်မြို့သို့ ဆက်သွယ်ထားသည့် အဓိကရထားလမ်းပိုင်းတစ်ခုဖြစ်ကြောင်း မော်လမြိုင်လူမှုကယ်ဆယ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးဇင်မိုးက ပြောသည်။

**မိုးသောက်**



# အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့်**
**အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်း ဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၈၁ ခုနှစ်၊ လ ရက်**
**(၂၀၁၉ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဓာတ်ခွဲခန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစားအသောက်** ဆိုသည်မှာ လူတို့စားသုံးရန်၊ သောက်သုံးရန်၊ ဝါးရန်၊ ငုံရန်နှင့် ခန္ဓာကိုယ်အတွင်း တစ်နည်းနည်းဖြင့် ရောက်ရှိရန် အလို့ငှာ မပြုပြင်ထားသော သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်စေ အသင့်စားသုံးရန်ဖြစ်စေပြုပြင်ထားသော သို့မဟုတ် အထူး ဖော်စပ်ထားခြင်း၊ ဖြည့်စွက်ထားခြင်း၊ အားဖြည့်ထားခြင်း၊ ထုတ်နုတ်ထားခြင်း၊ အနှစ်ထုတ်ထားခြင်း စသည့် နည်းလမ်း တစ်ရပ်ရပ်ဖြင့် ပြုပြင်ထားသော အစားအစာ၊ အဖျော်ယမကာ၊ အစားအသောက် ထပ်ဖြည့်ပစ္စည်း၊ ပါဝင်ပစ္စည်းအားလုံးနှင့် သောက်သုံးရန်အလို့ငှာ ထည့်သွင်းထုပ်ပိုးထားသော ရေကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်အဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ သက်ရှိ တိရစ္ဆာန်၊ အပင်၊ ဆေးဝါး၊ တိုင်းရင်းဆေး၊ ဆေးဘက်ဝင်ပစ္စည်း (Herb and herbal product)၊ ကွမ်းယာ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ပစ္စည်းများအပြင် အလှကုန်အလို့ငှာ ရည်ရွယ်သော ပစ္စည်းများ မပါဝင်၊

(ခ) **ဆေးဝါး** ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ သန္ဓေတားရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် အသုံးပြုရန်ဖြစ်သော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ အခါအားလျော်စွာ အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဆေးဝါးဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်၊

(ဂ) **ဆေးပစ္စည်းကိရိယာ** ဆိုသည်မှာ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်သူက တစ်မျိုးတည်းဖြစ်စေ၊ အခြားပစ္စည်းနှင့် တွဲဖက်၍ဖြစ်စေ ထုတ်လုပ်သည့်စက်ပစ္စည်းများ၊ ကိရိယာများ၊ လူ၏ခန္ဓာကိုယ်အတွင်း တပ်ဆင်အသုံးပြုသော ပစ္စည်းများ၊ ခန္ဓာကိုယ်ပေါ်တွင် သုံးသောစမ်းသပ်ပစ္စည်းများ၊ ခန္ဓာကိုယ်ပြင်ပတွင်သုံးသော ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ၊ စံကိုက်ညှိရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဆော့ဖ်ဝဲများနှင့် အလားတူဆက်စပ်ပစ္စည်းများကို ဆိုသည်-

(၁) ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ကုသရန် သို့မဟုတ် သက်သာစေရန် ပြုလုပ်ခြင်း၊

(၂) ထိခိုက်ဒဏ်ရာများအတွက် ရောဂါရှာဖွေရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ သက်သာစေရန် သို့မဟုတ် အစားထိုးကုသပေးရန် ပြုလုပ်ခြင်း၊

(၃) ခန္ဓာဗေဒ သို့မဟုတ် ဇီဝကမ္မဆိုင်ရာဖြစ်စဉ်များကို လေ့လာရန်၊ အစားထိုးရန်၊ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် အထောက်အကူပေးရန် ပြုလုပ်ခြင်း၊

(၄) သက်ရှိဘဝအတွက် ကူညီထောက်ပံ့မှုပေးရန် ပြုလုပ်ခြင်း၊

(၅) သန္ဓေတားဆီးရန် ပြုလုပ်ခြင်း၊

(၆) ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများကို ပိုးသတ်ရန် သို့မဟုတ် ပိုးကင်းစင်ရန် ပြုလုပ်ခြင်း၊

(၇) လူ၏ခန္ဓာကိုယ်မှရရှိသော နမူနာပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပြီး ဆေးပညာ သို့မဟုတ် ရောဂါရှာဖွေရာတွင် လိုအပ်သောသတင်းအချက်အလက်များ အထောက်အကူပေးရန် ပြုလုပ်ခြင်း။ (ယင်းစကားရပ်တွင် လူ၏ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ် သို့မဟုတ် ခန္ဓာကိုယ်ပြင်ပတွင် ဆေးဝါးဗေဒဆိုင်ရာ၊ ခုခံစွမ်းအားဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာဖြစ်စဉ်များဖြင့် မူလအာနိသင် ရရှိနိုင်ခြင်းမရှိသော်လည်း မူလအာနိသင်ကဲ့သို့ ရရှိစေရန် ထောက်ပံ့ကူညီပေးနိုင်သည့် ပစ္စည်းများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ဆေးပစ္စည်းကိရိယာဟု အတည်ပြုသတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်။)

(ဃ) **အလှကုန်ပစ္စည်း** ဆိုသည်မှာ လူတို့၏မျက်နှာ၊ နှုတ်ခမ်း၊ ဆံပင်၊ အမွေးအမှျင်၊ လက်သည်း၊ ခြေသည်း၊ အရေပြား၊ ပြင်ပလိင်အင်္ဂါ၊ သွားနှင့်ခံတွင်းတို့တွင် အသုံးပြုရန်ဖြစ်ပြီး အဓိကအားဖြင့် ၎င်းတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊ မွှေးကြိုင်စေခြင်း၊ အဆင်းအသွင်အပြင် ပြောင်းလဲစေခြင်း၊ ခန္ဓာကိုယ်အနံ့အသက် ပြုပြင်စေခြင်း၊ ကောင်းမွန်သည့်အခြေအနေတွင် ထိန်းသိမ်းထားခြင်း သို့မဟုတ် မပျက်စီးရန် ကာကွယ်ခြင်းတို့ကို ဖြစ်စေသည့် အရာဝတ္ထုပစ္စည်းတစ်ခုခု သို့မဟုတ် ဖော်စပ်ထားသော အရာဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလှကုန်ပစ္စည်းဟု သတ်မှတ်သော ပစ္စည်းများလည်း ပါဝင်သည်၊

(င) **ဓာတ်ခွဲခန်း** ဆိုသည်မှာ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်ပစ္စည်းများ၏ ဇီဝဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတုဗေဒ၊ အဆိပ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် ရေဒီယိုသတ္တိကြွမှုများကို တိုင်းတာစစ်ဆေး ဓာတ်ခွဲသော ဝန်ဆောင်မှုပေးသည့် ဓာတ်ခွဲခန်းကို ဆိုသည်၊

(စ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ ဓာတ်ခွဲခန်း၏ ဓာတ်ခွဲအဖြေအပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံဝင်သည့်အခါ၌ နမူနာများကို ထပ်မံစစ်ဆေးပြီး ဓာတ်ခွဲအဖြေနှင့်စပ်လျဉ်း၍ အပြီးသတ် အဆုံးအဖြတ်ပြုနိုင်ရန် ကြီးကြပ်ရေးကော်မတီက လုပ်ငန်းပေါ်မူတည်၍ သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုသည်၊

(ဆ) **ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်** ဆိုသည်မှာ ဓာတ်ခွဲစစ်ဆေးမှုကို သတ်မှတ်စံနှုန်းနှင့်အညီ ဓာတ်ခွဲခန်း တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ကြောင်း ကြီးကြပ်ရေးကော်မတီက အသိအမှတ်ပြုထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်၊

(ဇ) **ဓာတ်ခွဲနည်းလမ်း** ဆိုသည်မှာ နိုင်ငံတကာက အတည်ပြုလက်ခံထားသော ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့် စံနည်းလမ်းကို ဆိုသည်၊

(ဈ) **ကောင်းမွန်သောဓာတ်ခွဲခန်းကျင့်စဉ်** ဆိုသည်မှာ ဓာတ်ခွဲခန်းဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် တိကျမှန်ကန်သော ဓာတ်ခွဲအဖြေများရရှိနိုင်ရေးအတွက် ယေဘုယျအားဖြင့် ဓာတ်ခွဲခန်းအတွင်း လိုက်နာကျင့်သုံးရမည့် အခြေခံအချက်အလက်များကို ဆိုသည်၊

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဓာတ်ခွဲခန်းများကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဌ) **အုပ်ချုပ်မှုအဖွဲ့** ဆိုသည်မှာ ဓာတ်ခွဲခန်းကိုကြီးကြပ်ရန် သက်ဆိုင်ရာ ဓာတ်ခွဲခန်းဖွင့်လှစ်ခွင့်လိုင်စင်ရရှိသူက ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ဓာတ်ခွဲခန်းတာဝန်ခံ** ဆိုသည်မှာ ဓာတ်ခွဲခန်း၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်ချက်များကို ကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ကောင်းမွန်သော ဓာတ်ခွဲခန်းကျင့်စဉ်များ ပြည့်မီစေရန် ကြီးကြပ်ကွပ်ကဲပြီး ဓာတ်ခွဲခန်းကို တာဝန်ခံနိုင်ရေးအတွက် အုပ်ချုပ်မှုအဖွဲ့က ခန့်အပ်ထားသည့် ကျွမ်းကျင်ပညာရှင်ကို ဆိုသည်။

(ဎ) **အရည်အသွေးအာမခံအရာရှိ** ဆိုသည်မှာ ဓာတ်ခွဲစစ်ဆေးရာတွင် စနစ်ကျနမှုရှိစေရန်နှင့် ဓာတ်ခွဲအဖြေများ မှန်ကန်တိကျမှုရှိစေရန် အတွက် ဓာတ်ခွဲခန်းတွင် အရည်အသွေးထိန်းချုပ်မှုစနစ်ကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှုအဖွဲ့မှ ခန့်အပ်တာဝန် ပေးသော ကျွမ်းကျင်ပညာရှင်ကို ဆိုသည်။

(ဏ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဓာတ်ခွဲခန်းကိုစစ်ဆေးရန် ကြီးကြပ်ရေး ကော်မတီက ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးပြည့်မီသည့် ဓာတ်ခွဲခန်းများတိုးပွားလာစေရန်၊

(ခ) ဓာတ်ခွဲခန်း၏ အရည်အသွေးပြည့်မီမှု ရှိ မရှိကို စစ်ဆေးသတ်မှတ် ပေးနိုင်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ဓာတ်ခွဲခန်းမှတ်ပုံတင်သည့်စနစ် ပေါ်ပေါက်လာစေရန်၊

(ဃ) စားသုံးသူနှင့် သုံးစွဲသူများကို ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်းမှ အကာအကွယ်ပေးရန်။

## အခန်း (၃)
## ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) ဓာတ်ခွဲခန်းများကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း ရမည်

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး
ဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ(၁)
သုတေသနနှင့် တီထွင်ဆန်းသစ်မှု
ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ(၂)
တိုင်းဒေသကြီးနှင့်ပြည်နယ်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး
ဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစံချိန်စံညွှန်းနှင့်
အရည်အသွေးဌာန
သုတေသနနှင့် တီထွင်ဆန်းသစ်မှု
ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသနဌာန
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သီးနှံကာကွယ်ရေးဌာနခွဲ
စိုက်ပျိုးသီးနှံထွက်ကုန်များ
အရည်အသွေးစစ်ဆေးရေး
ဓာတ်ခွဲခန်းနှင့် ပိုးသတ်ဆေးဓာတ်ခွဲခန်း
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(၉) အောက်ပါဘာသာရပ်ဆိုင်ရာ — အဖွဲ့ဝင်များ
ကျွမ်းကျင်သည့် ပုဂ္ဂိုလ်တစ်ဦးစီ
(၁) အဏုဇီဝဗေဒပညာရှင်၊
(၂) အစားအသောက်သိပ္ပံပညာရှင်၊
(၃) ဓာတုဗေဒပညာရှင်၊
(၄) ဆေးဝါးကျွမ်းကျင်ပညာရှင်၊
(၅) လုပ်ငန်းလိုအပ်ချက်အရ
အခြားဘာသာရပ်ဆိုင်ရာ
ကျွမ်းကျင်သည့်ပုဂ္ဂိုလ်။

(၁၀) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ဓာတ်ခွဲဌာန
အစားအသောက်နှင့်
ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဝန်ကြီးဌာနသည်-

(က) ကြီးကြပ်ရေးကော်မတီ၏ရုံးလုပ်ငန်းကို တာဝန်ယူဆောင်ရွက် ပေးရမည်၊

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးကော်မတီဝင်များအတွက် စရိတ်နှင့်ချီးမြှင့်ငွေတို့ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရ မည်။

## အခန်း ( ၄ )
## ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ကြီးကြပ်ရေးကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဓာတ်ခွဲခန်းတွင် လိုက်နာကျင့်သုံးရမည့် ကောင်းမွန်သော ဓာတ်ခွဲခန်း ကျင့်စဉ်များ၊ ဓာတ်ခွဲခန်း ကျင့်ဝတ်များနှင့်သက်ဆိုင်သော မူဝါဒ များ၊ စည်းကမ်းချက်များကို ချမှတ်ခြင်း၊

(ခ) ဓာတ်ခွဲခန်း ဖွင့်လှစ်ခွင့် လိုင်စင်လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း၊

(ဂ) ဓာတ်ခွဲခန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမဖြစ်စေရန် သင့်လျော်သော မူဝါဒများ၊ စည်းကမ်းချက်များ ချမှတ်ခြင်းနှင့် ကြပ်မတ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**နေပြည်တော်။** ။ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲကို ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဇေယျာသီရိမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မြစန်းရီက လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းဟောပြောပြီး ကလေးငယ်များအား လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏ်စမ်းစကားထာပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

**မော်လိုက်** ။ ။ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဆေးရောင်ခြယ်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မော်လိုက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မိုးကောင်းရပ်၊ အခြေခံပညာမူလတန်းကျောင်းမှ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၂၈ ဦးတို့က ဆေးရောင်ခြယ်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဦးခမ်း၊ ခရိုင်လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များနှင့် ဆရာမများက ဆုများချီးမြှင့်ခဲ့ကြသည်။

**မော်လိုက်သားလေး**

**မိုင်းယောင်း** ။ ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက မြို့မဘောလုံးကွင်း၌ ကျင်းပသည်။

အသင်း ၁၂ သင်းဖြင့် အုပ်စုလေးအုပ်စုခွဲကာယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်သည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကန်တော်ကြီးငါးပြတိုက် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ကန်တော်ကြီး နိုင်ငံတကာအဆင့်မီ ငါးပြတိုက် ဆောက်လုပ်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

Myanmar Aquariums ကုမ္ပဏီလီမိတက်မှ တာဝန်ခံဦးသိန်းမင်းဇံက "ငါးပြကွက်ပေါင်း ၂၀ ကျော်ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြကွက်အတွက် ငါးအမျိုးအစားပေါင်းထောင်ချီ ပြသသွားမည်ဖြစ်ပြီး ပြည်ပပြကွက်အတွက်လည်း ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ အမျိုးအစားများ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း၊ ရခိုင်ကမ်းရိုးတန်း ပင်လယ်ဒေသရှိ ငါးအမျိုးအစားများ၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ငါးများကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း၊ ထူးခြားမှုအနေဖြင့် နိုင်ငံတကာအဆင့်မီရေအောက်ဥမင်လည်း ထည့်သွင်းတည်ဆောက်ထားပြီး လာရောက်ကြည့်ရှုကြသည့် ပရိသတ်များ ဥမင်ထဲဝင်ရောက်လျှောက်လည်နိုင်ကြပြီး တကယ့်ပင်လယ်ရေအောက်ရောက်သွားသလိုမျိုးခံစားနိုင်အောင် ဆောင်ရွက်ထားပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ်ပြန်လည်ဆွေးနွေးခဲ့ပြီး ငါးပြတိုက်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## ခရစ္စမတ်ရုံးပိတ်ရက် ရန်ကုန်-ပုဂံ အထူးရထား ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ခရစ္စမတ်အများပြည်သူရုံးပိတ်ရက်အတွင်း ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများအတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာ ပုဂံဒေသသို့ လေ့လာရေးခရီးနှင့် ဘုရားဖူးသွားရောက်နိုင်ရန် ရန်ကုန် - ပုဂံ အထူးအမြန်ရထားတစ်စင်းကို ဒီဇင်ဘာ ၂၅ ရက်တွင် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

အဆိုပါအထူးရထားပြေးဆွဲမည့်ခရီးစဉ်အတွင်း ရပ်တန့်မည့် ဘူတာများမှာ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ ရွှေတံခါး၊ အောင်လံ၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ သာမြား၊ ပင်းချောင်း၊ ကျောက်ပန်းတောင်းနှင့် စုတည်ဘူတာတို့ဖြစ်ကြောင်း သိရပြီး ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ကာ ပုဂံဘူတာသို့ နောက်တစ်နေ့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

အထူးရထားတွဲဆိုင်းအား အထက်တန်းထိုင်ခုံသုံးတွဲ၊ ရိုးရိုးတန်းထိုင်ခုံ ငါးတွဲနှင့် ဘရိတ်တွဲတစ်တွဲတို့ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အထက်တန်းနှင့် ရိုးရိုးတန်းရထားလက်မှတ်များကို ယနေ့ ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ နှစ်ရက်ကြိုတင် ရောင်းချပေးလျက်ရှိကာ ရထားလက်မှတ်ခနွန်းထားများမှာ ရန်ကုန်ဘူတာကြီးမှ ပုဂံဘူတာသို့ အထက်တန်းလက်မှတ်ခ တစ်စောင်လျှင် ကျပ် ၁၂၀၀၀ နှင့် ရိုးရိုးတန်းလက်မှတ်ခ တစ်စောင်လျှင် ကျပ် ၄၅၀၀ သတ်မှတ်ကောက်ခံမည်ဖြစ်ပြီး ရထားစီးခရီးသည်တစ်ဦးလျှင် လက်မှတ်သုံးစောင်နှုန်းအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၊ အမှတ်(၇)တိုင်း၊ ရန်ကုန်မှ သိရသည်။

ယခုအခါမြန်မာ့မီးရထားအနေဖြင့်ရထားစီးခရီးသွားပြည်သူများ မိမိတို့လိုရာခရီးကို အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

## ရန်ကင်းကလေးဆေးရုံကြီး၌ နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသည့် စိတ်ဖိစီးမှုများ လျော့ကျစေရန်နှင့်အင်အားသစ်များ ရရှိကာ စိတ်ပျော်ရွှင်လာစေရန် ရည်ရွယ်၍ နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကင်းကလေးဆေးရုံကြီး၌ကျင်းပရာဆေးရုံဝန်ထမ်းများနှင့်ကလေးငယ်များပါဝင်ဆင်နွှဲကြသည်။

"တစ်နှစ်ပတ်လုံး အလုပ်ခွင်ထဲမှာ အလုပ်တွေနဲ့ လည်ပတ်နေရတဲ့အတွက် အလုပ်များမှုကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ပင်ပန်းမှု၊ စိတ်ဖိစီးမှုတွေကို တစ်ဖက်တစ်လမ်းကနေ လျော့ကျစေရန်နှင့် နှစ်သစ်မှာ စိတ်သစ်အင်အားသစ်များ ပိုမိုရရှိကာ ပြည်သူ့အကျိုးသယ်ပိုးနိုင်တဲ့ ဝန်ထမ်းကောင်းများ ဖြစ်လာစေဖို့ ရည်ရွယ်ပြီးတော့ အခုလို ပျော်ပွဲရွှင်ပွဲတွေကို နှစ်စဉ်ကျင်းပပေးခြင်း ဖြစ်ပါတယ်" ဟု ရန်ကင်းကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

ပျော်ပွဲရွှင်ပွဲတွင် ဆေးရုံဝန်ထမ်း ၆၀၀ ကျော်ကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခြင်း၊ ကလေးငယ်များအား အစားအသောက်များ ကျွေးမွေးခြင်းနှင့် ဖျော်ဖြေရေးအကအလုအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ရန်ကင်းကလေးဆေးရုံကြီး၌ ဆေးကုသဆောင်၊ နှလုံးဆေးကုသဆောင်၊ နှလုံးခွဲစိတ်ကုသဆောင်၊ ကလေးခွဲစိတ်ကုသဆောင်၊ ကျောက်ကပ်ဌာန၊ အထူးကြပ်မတ်ကုသဆောင်များ ဖွင့်လှစ်၍ ကလေးလူနာ ၄၀၀ ကျော်အား ပြုစုကုသစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် Media Professionals Seminar သို့ မြန်မာမီဒီယာအဖွဲ့ဝင် ၁၈ ဦး တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံ၌ ကျင်းပသည့် 2019 Seminar for Media Professionals from Myanmar သို့ တက်ရောက်ခဲ့သော မြန်မာမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ရက်ပေါင်း ၂၀ ကြာ ပြုလုပ်ခဲ့သည့် အဆိုပါ Seminarသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် ၁၀ ဦး၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ကိုယ်စားလှယ် ငါးဦး၊ ပုဂ္ဂလိက မီဒီယာမှ ကိုယ်စားလှယ်သုံးဦးနှင့် မြန်မာနိုင်ငံအခြေစိုက် တရုတ်သံရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနမှ ဒေါ်လဲ့ရည်မွန်ဦးတို့အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၁၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကာလတွင် တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ပိုးလမ်းမစီမံကိန်းကြောင့် ရလာမည့်အခွင့်အလမ်းနှင့် အခက်အခဲများ၊ ပြည်သူ့သံတမန်ဆက်ဆံရေးကဏ္ဍ၊ တရုတ်ပြည်၏ တိုးတက်မှုလုပ်ငန်းများနှင့် သတင်းမီဒီယာကဏ္ဍ ဆက်နွှယ်ချိတ်ဆက်ပုံ၊ တရုတ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ တရုတ်ပြည်ပြန်လည်ထူထောင်ခြင်း အခန်းကဏ္ဍ၊ ပြည်တွင်းပြည်ပ သတင်းများထုတ်လွှင့်နေမှု၊ မီဒီယာကွန်ရက်များ၏ ဆန်းသစ်တီထွင်မှု၊ လေ့ကျင့်ပျိုးထောင်မှု၊ လက်တွေ့ဆောင်ရွက်နေမှုများ၊ နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချခြင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် အောင်မြင်နေမှုများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၊ ဖူးကျင့်မြို့နှင့် ရှမာန်မြို့များရှိ ကမ္ဘာကျော်သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အထင်ကရနေရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်အောင်မြင်နေသည့် စီမံကိန်းနေရာများ၊ CIPG၊ China News Agency၊ China Radio International စသည့် သတင်းဌာနများနှင့် နည်းပညာဆိုင်ရာ ကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**





## မြို့နယ်ပေါင်းစုံ Myanmar Fitness Dance (EIM) ပြိုင်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၃**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ပဲခူး တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ Myanmar Fitness Dance(EIM) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အမှာစကားပြောသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး က အားကစားသမားများအား လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက်မှ ၂၃ရက်အထိ ကျင်းပပြီး အသက် ၃၆ နှစ်မှ ၆၀ အထိ အကြီးတန်းပြိုင်ပွဲနှင့် အသက် ၁၄ နှစ်မှ ၃၅ နှစ်အထိ အငယ်တန်းပြိုင်ပွဲဟူ၍ ပြိုင်ပွဲနှစ်ရပ်ပါဝင်ကြောင်း သိရသည်။

အသက် ၃၆ နှစ်မှ ၆၀ အထိ အကြီးတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းပါဝင်ပြီး အသက် ၁၄ နှစ်မှ ၃၅ နှစ်အထိ အငယ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

Myanmar Fitness Dance ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို အသက်အရွယ်ကြီးငယ်မရွေး၊ ကျား၊ မ မရွေး၊ မည်သူမဆို လွတ်လပ်ပေါ့ပါးစွာလေ့ကျင့်နိုင်သောလေ့ကျင့်ခန်းများဖြစ်ပြီး နေ့စဉ်ပုံမှန် နာရီဝက်ခန့် လှုပ်ရှားစေခြင်းဖြင့် နှစ်ခြိုက်စွာအိပ်ပျော်လာခြင်း၊ စိတ်ဖိစီးမှုများလျော့ပါးလာခြင်း၊ ဆေးသောက်၍ကုသခြင်းထက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်းဖြင့် ရောဂါများကိုကာကွယ်နိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## လူငယ်နှင့် စွန့်ဦးတီထွင်မှုခေါင်းစဉ်ဖြင့် သင်တန်းပို့ချ



**ဘားအံ ဒီဇင်ဘာ ၂၃**

တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ဒေသအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များနှင့် ထိတွေ့စေခြင်းဖြင့် လူထုပူးပေါင်းပါဝင်မှုကို မြှင့်တင်သွားနိုင်ရန်အတွက် စွန့်ဦးတီထွင်မှုဖြင့် လူထုပူးပေါင်းပါဝင်မှုမြှင့်တင်ခြင်း အစီအစဉ်အရ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ လူငယ်နှင့် စွန့်ဦးတီထွင်မှုခေါင်းစဉ်ဖြင့် သင်တန်းပို့ချသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က အမှာစကားပြောကြားပြီး ဘားအံ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းမြင့်က အားပေးစကားပြောကြားကာ Local Resource Centre မှ Regional Coordinator ဒေါ်နန်းမြင့်အောင်က ကျင်းပရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် 360Ed Team ကို မိတ်ဆက်ရှင်းလင်း၍ 360Ed မှ Cofounder ဒေါ်လှလှဝင်းက လူငယ်နှင့် စွန့်ဦးတီထွင်မှုခေါင်းစဉ်ဖြင့် တစ်ရက်တာသင်တန်း ပို့ချခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး စကားဝိုင်းဆွေးနွေး

**မြိတ် ဒီဇင်ဘာ ၂၃**

(၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သော စကားဝိုင်းဆွေးနွေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက်ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီးအရပ်ဘက်ပူးပေါင်းပါဝင်မှု ရှေ့ဆောင်ကွန်ရက်အဖွဲ့ဝင် ဦးတင်လွင်က လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအဖွဲ့က အရပ်ဘက်ပူးပေါင်းပါဝင်မှုရှေ့ဆောင်ကွန်ရက်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးညီညီအောင် (Moderator)၊ ဦးအောင်နိုင်ဦး (တနင်္သာရီတိုင်းဒေသကြီး တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်)၊ ဦးစရောဝင်း (မြိတ်ရှေ့နေကွန်ရက်)နှင့် ဒေါ်ဌေးဌေးဝင်း (စီးပွားရေးလုပ်ငန်းရှင်)တို့က အဂတိလိုက်စားမှုအဓိပ္ပာယ်၊တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အဂတိလိုက်စားမှုနှင့် ဆက်စပ်နေသော အခြေအနေများ၊ အဂတိတိုက်ဖျက်ရေးလှုပ်ရှားမှုတွင် အရပ်ဘက်အဖွဲ့အစည်းများ မည်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်နည်း စသည့် ခေါင်းစဉ်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သော စကားဝိုင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းခဲ့ကြသည်။ **မြင့်ဦး (မြိတ်)**



## လမုတန်းကြီး - ကျွဲကူး - မြို့ချောင်းတံတား မြို့ရှောင်လမ်းမကြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**ထန်းတပင် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိလမုတန်းကြီး-ကျွဲကူး-မြို့ချောင်းတံတား မြို့ရှောင်လမ်းမကြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ထန်းတပင်မြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် မြို့နယ်တာဝန်ရှိသူများအား တွေ့ဆုံကာ ထပ်မံဆောင်ရွက်သွားမည့် လမုတန်းကြီး-ကျွဲကူး-မြို့ချောင်းတံတား မြို့ရှောင်မြေသားလမ်းမနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံ ငွေကျပ် ၃၆၅ ဒသမ ၃၅ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အရှည်တစ်မိုင်၊ နှစ်ဖာလုံနှင့် အကျယ်ပေ ၃၀ ရှိ လမုတန်းကြီး- ကျွဲကူး-မြို့ချောင်းတံတား မြို့ရှောင်လမ်းကိုကြည့်ရှုစစ်ဆေးခဲ့ကြပြီး အတွင်းရေကျော်ကျေးရွာအုပ်စု ဇုက္ကမဲချောင်းကူးတံတား အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## သုံးခွမြို့နယ်တွင် စုပေါင်းအမှိုက်ကောက်

**သုံးခွ ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မင်းရွာကျေးရွာတွင် ကျေးရွာသန့်ရှင်းသာယာလှပစေရေး၊ အမှိုက်များကင်းစင်စေရေး၊အမှိုက်များစနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာရှိလူငယ်များ၊ ကျောင်းသားကျောင်းသူလေးများနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းအင်အား ၈၀ ခန့်က ကျေးရွာအတွင်း၊ အပြင်၌ (ပထမ)အကြိမ် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ အမှိုက်ကောက်ပွဲမပြုလုပ်မီ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှိုက်များစနစ်တကျစွန့်ပစ်ကြရန်နှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို ရှင်းလင်းပြောကြားကာ အမှိုက်ကင်းစင်စေရေး အသိပညာပေး ဗီနိုင်းပိုစတာများ သစ်ပင်များတွင် လိုက်လံကပ်ထားပေးခဲ့ကြောင်းသိရှိရပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သန့်ရှင်းရေးဆက်လက် ပြုလုပ်သွားမည်ဟု သိရသည်။

**ကိုကျော်(သုံးခွ)**

## ယာဉ်လိုင်စင် သက်တမ်းတိုးပေးခြင်း ကွင်းဆင်းဆောင်ရွက်

**လှိုင်းဘွဲ ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကဦးဆောင်၍ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်း၊ ယာဉ်လိုင်စင်များ သက်တမ်းတိုးပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၁ ရက်က ဇွဲမာန်အားကစားခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောကျော်လွင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများတွင် သိရှိလိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များနှင့် ယာဉ်သက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ရမည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ယာဉ်မောင်းလိုင်စင်မရှိသေးသော ပြည်သူများအား ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း၊ ယာဉ်လိုင်စင်များ သက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး ပျားမွေးမြူရေးဌာနမှ ပြည်ပနိုင်ငံများသို့ မြန်မာ့ပျားရည် တန်ချိန် ၃၃၀ ကျော် တင်ပို့

**မကွေး ဒီဇင်ဘာ ၂၃**

၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာ့ပျားရည်တန်ချိန် ၃၃၀ ကျော်ကို ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ ကျပ်နှုန်းဖြင့် အမေရိကန်နိုင်ငံအပါအဝင်ဂျပန်၊ ကိုရီးယား၊ ကနေဒါ၊ အာဆီယံနိုင်ငံများသို့ ဈေးကွက်ထိုးဖောက် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

"၂၀၁၉-၂၀၂၀မှာတော့ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနအနေနဲ့ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလပိုင်းအထိက ပျားရည် တန်ချိန် ၄၀ ကျော်လောက်ရရှိနေပါပြီ။ မကွေး၊ ပွင့်ဖြူ၊ စလင်း၊ အောင်လံ၊ မင်းဘူးမြို့နယ် ငါးမြို့နယ်က ဆီးပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်၊ အများဆုံးထွက်ပါတယ်။ ဥရောပသမဂ္ဂ EU အီးယူနိုင်ငံများကို ဈေးကွက်သစ်ပို့ဖို့ ဈေးကွက်ဖော်ဆောင်ဖို့ ကြိုးစားနေပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မကွေးတိုင်းဒေသကြီးတွင်ပုဂ္ဂလိကပျားမွေးမြူသူ ၇၂ ဦးရှိပြီး မိုးနှမ်းစိုက်ပျိုးရေးရာသီက နှမ်းအရများခဲ့သလို နှမ်းပျားရည်များ ယမန်နှစ်ကထက် အထွက်တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း ပျားမွေးမြူရေးလုပ်သူ ဦးတင်ဝင်းက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးခြင်း၊ ပျားမွေးမြူရေးဌာနမှ ဝန်ဆောင်မှုပေးခြင်း၊ နည်းပညာသင်တန်းပို့ချပေးခြင်းတို့ကြောင့် မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပျားမွေးသူများအနေဖြင့် မိသားစုတစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြကာ ဝင်ငွေအခွင့်အလမ်းများ တစ်ဖက်တစ်လမ်းက ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**မကွေးဝင်းမောင်**

## ရေကြောင်းလျှပ်စစ်နည်းပညာများ အခမဲ့ဖြန့်ဝေပေးမည်



**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများ အသင်းနှင့် နေ့ာင်တော်အင်ဂျင်နီယာအသင်းများ၊ အဖွဲ့အစည်းများတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက MICT Parkရှိမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၌ကျင်းပသည်။

ပြည်တွင်း ကမ်းရိုးတန်းသွားနှင့် ပြည်ပသင်္ဘောများပေါ်တွင်တာဝန်ထမ်းဆောင်နိုင်မည့်သင်္ဘောသားများအား ရေကြောင်းလျှပ်စစ်နည်းပညာနှင့် ဗဟုသုတများကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများအသင်းဥက္ကဋ္ဌ ဦးညွန့်ဦးကပြောသည်။

"ခေတ်မီတိုးတက်လာတဲ့ရေကြောင်းလျှပ်စစ်နည်းပညာတွေ၊ ဗဟုသုတတွေ လူငယ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းသွားနိုင်ဖို့ရည်ရွယ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ထောက်ကူပေးတဲ့အနေနဲ့ရေကြောင်းလျှပ်စစ်နည်းပညာတွေကိုအခမဲ့မျှဝေပေးသွားမှာဖြစ်ပါတယ်"ဟုဦးညွန့်ဦးက တွေ့ဆုံပွဲ အခမ်းအနားတွင် ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုခါ ပြည်ပသင်္ဘောများတွင် ဆန်းသစ်သော လျှပ်စစ်နည်းပညာများ ထည့်သွင်းအဆင့်မြှင့်တင်အသုံးပြုလာခြင်း၊ ကွန်ပျူတာထိန်းချုပ်စနစ်များသို့ ပြောင်းလဲလာသည့်အတွက် လျှပ်စစ်အင်ဂျင်နီယာများ၏အခန်းကဏ္ဍသည်ပိုမိုကျယ်ပြန့်လာကြောင်း သိရသည်။

မျိုးဆက်သစ်ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများအားအရည်အချင်းပြည့်ဝစွာ မွေးထုတ်ပေးရာတွင် အထောက်အကူဖြစ်စေရန်မြန်မာနိုင်ငံရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများအသင်းကို ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့ကြောင်းလည်း သိရသည်။

**မြင့်မောင်စိုး**



## စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

**ကန့်ဘလူ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

စာရင်းစစ်၊ စာရင်းကောက် သင်တန်းသား သင်တန်းသူ ၁၇ ဦးအား ဒီဇင်ဘာ ၁၁ ရက်မှ ၂၁ ရက်ထိ ကြားဖြတ်သန်းခေါင်စာရင်းလုပ်ငန်း၊ နမူနာကောက်ကွက်ရွေးချယ်ခြင်း၊ စာရင်းကောက်ကွက်မြေပုံစာရင်း ကောက်ယူမှုနည်းလမ်း၊စာရင်းကောက်ကွက်မြေပုံများနှင့် ပတ်သက်၍ဆွေးနွေးခြင်း၊CAPI(Computer Assisted Personal Interviewing)Mune ပို့ချခြင်း၊လက်တွေ့ပြုလုပ်ခြင်း၊ လူဦးရေဆိုင်ရာအချက်အလက်များ၊ မေးခွန်းများ၊ လေ့ကျင့်ခန်းများပြန်လည်ဆွေးနွေးခြင်း၊ သန်းခေါင်စာရင်း ဥပဒေ စာရင်းစစ်၊ စာရင်းကောက်များ၏ တာဝန်ဝတ္တရားများကို သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာမှာ ကိုယ်တိုင်ကိုယ်ကျ နမူနာကောက်ကွက်အဖြစ် ရွေးချယ်ထားသည့် ရပ်ကွက်/ကျေးရွာများရှိ ကောက်ကွက်များသို့ ကွင်းဆင်းပြီး စာရင်းကောက်ယူကြရမှာ ဖြစ်သည့်အတွက် ယခုလိုသင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းအေးက ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရေး သင်တန်းဆင်းပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံး ဇေယျာရွှေမြေအစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် Mobile tablet အသုံးပြုသော (Computer Assisted Personal Interviewing – CAPI) နည်းစနစ်ဖြင့်ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအသိပညာပေးသင်တန်းဆင်းပွဲ ကျင်းပသည်။

“သန်းခေါင်စာရင်းကောက်ယူတဲ့နေရာမှာ လူတစ်ဦးချင်း မေးမြန်းကောက်ယူတဲ့စနစ်ကို အသုံးပြုကောက်ယူမှာဖြစ်တဲ့အတွက် လိုအပ်တဲ့နည်းပညာကို အခုသင်တန်းမှာသင်ကြားပေးတာဖြစ်ပါတယ်” ဟု ချောင်းဦးမြို့နယ်မှ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းတက်ရောက်သူ မောင်အောင်ဝင်းမြတ်က ပြောသည်။

အဆိုပါ သင်တန်းသို့ မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ အရာတော်၊ ဘုတလင်မြို့နှင့် ချောင်းဦးမြို့နယ်တို့မှ စာရင်းစစ် ကိုးဦး၊ စာရင်းကောက် ၃၂ဦး၊ အရန် တစ်ဦး စုစုပေါင်း ၄၂ ဦးတို့ဖြင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## သတင်းစုံကဏ္ဍ

### စာရေးတံမဲအလှူတော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပြည်**

ပြည်မြို့နယ်လုံးဆိုင်ရာ သံဃိကဒါနစာရေးတံမဲအလှူပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် အကြိမ်(၁၀၀)မြောက် ရာပြည့်အဖြစ် ဆံတော်ရပ်ကွက် စာတိုက်တန်းလမ်းတွင် သံဃာတော်အရှင်မြတ်များသို့စာရေးတံမဲချ၍ ဆက်ကပ်လှူဒါန်းသည်။

အသင်းအဖွဲ့များ၊ အနေ့းယာဉ်/အမြန်ယာဉ်လုပ်သားများ၊ ဈေးသူ/ဈေးသားများ၊ ရပ်ကွက်အသီးသီးမှစုပေါင်းအလှူရှင်များ၊ တစ်ဦးချင်းအလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြောင်းသိရသည်။

**မောင်ရွှေဝင်း (ပြည်)**

### မြို့နယ်ဖွံ့ဖြိုးရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေး

**ဗန်းမောက်**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက အမှာစကားပြောကြားပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လိုအပ်ချက်များကို တင်ပြကြရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးနှင့် လွှတ်တော် ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

**ကျော်စွာ ( ဗန်းမောက်)**

### စည်ပင်သာယာဈေးလမ်း မြေနီထပ်ပိုးလွှာခင်း

**စလင်း**

မကွေးတိုင်းဒေသကြီးစလင်းမြို့ မြင်တင်ရပ်လောကမာန်အောင်စည်ပင်ဈေးလမ်းအား ဒီဇင်ဘာ ၂၁ ရက်က မြေနီထပ်ပိုးလွှာခင်းပေးသည်။

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် အဆိုပါ စည်ပင်ဈေးလမ်းအားအကျယ် ၁၂ ပေအလျား ပေ ၉၀၀ ကို မြေနီထပ်ပိုးလွှာခင်းပေးခြင်းဖြစ်သည်။

**စစ်ကြည်(စလင်း)**

### တိုက်နယ်ပြည်သူ့ဆေးရုံတွင် စက်ရေတွင်းတူး

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ထနောင်းတိုင်ကျေးရွာ ထနောင်းတိုင်တိုက်နယ်ပြည်သူ့ဆေးရုံအတွက် စက်ရေတွင်းတူးဖော်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စက်ရေတွင်း၏ တွင်းနက်မှာပေ ၃၀၀ရှိပြီး ရေချိုထွက်ရှိကာ ရေစင်အမြင့်ပေ ၁၀၊ ရေဂါလန် ၈၀၀ ဆံ့ ရေစင်ဖြစ်ကြောင်း ထနောင်းတိုင် တိုက်နယ်ပြည်သူ့ဆေးရုံတာဝန်ခံဆရာဝန်ကံမင်းအောင်က ပြောသည်။

**ကိုထိန်(ငါ့သရောက်)**



ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် မြို့မ(၂)ရပ်ကွက်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဥပဒေများအကြောင်း အသိပညာပေးဟောပြောစဉ်။

ဟန်စိုး



သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ အသင်းဝင် အသက် (၈၀)နှစ်အထက် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် သုံးသိန်းငါးသောင်းကို ကြေးမုံသတင်းစာတိုက် (ရန်ကုန်)မှ မန်နေဂျာ ဒေါ်စန္ဒာသန်းနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါသတင်းစာတိုက်၌ လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အတွင်းရေးမှူး ဦးဇော်ဝင်းတို့က လက်ခံစဉ်။

အေးသန်း(စိန်တုံးကြီး)

## ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲ ကျင်းပ

**ထီးချိုင့် ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ဒေါင်းကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အင်ဒေါင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘဝင်း၊ မြို့နယ်ပညာရေးမှူး ဦးငြိမ်းဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်ဇော်က ကျောင်းသမိုင်းကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း ( ပြန်/ဆက်)**

## စစ်ကိုင်းမြို့တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ခရိုင်တရားရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းခရိုင်တရားသူကြီး ဒေါ်ခင်မြင့်မြင့်က တရားစီရင်ရေး၏ရည်မှန်းချက်လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် နယ်ပယ်ငါးရပ် သတ်မှတ်ခဲ့ကြောင်း၊ နယ်ပယ်ငါးရပ်အဖြစ် တရားရုံးဝန်ဆောင်မှုများ၊ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်ပါကြောင်း ရှင်းလင်းပြောပြသည်။

ဆက်လက်၍ ဒုတိယခရိုင်တရားသူကြီးဦးဝင်းဦး၊ မြင်းမူမြို့နယ်တရားသူကြီး ဒေါ်အေးအေးသိန်း၊ မြောင်မြို့နယ်တရားသူကြီး ဒေါ်စုစုလှိုင်တို့က နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

**ဇော်မြင့်နိုင်**
**စစ်ကိုင်းခရိုင် (ပြန်/ဆက်)**

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### အိမ်ထောင်ရှင်အလှမောင်မယ်ပြိုင်ပွဲများ ကျင်းပမည်

တတိယအကြိမ် အမျိုးသား၊ အမျိုးသမီးနှင့် အိမ်ထောင်ရှင်အလှမောင်မယ်ပြိုင်ပွဲများကို မန္တလေးမြို့ ဘူတာကြီးအပေါ်ထပ်ရှိ ဟိုတယ်မာဘယ်၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးတောင်ပန်းချီပြခန်းတွင် ပန်းချီပြပွဲ ကျင်းပမည်

New Year New Men Group Show(2020) ပန်းချီပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်းတွင် ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

## ရန်ကုန်တိုင်းရင်းဆေးရုံကြီးတွင် တိုင်းရင်းဆေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး ရန်ကုန်တိုင်းဒေသကြီး ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ(ရန်ကုန်)နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးတို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးပွဲကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းရင်းဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ဦးဝင်းဇော်(ဒုတိယဆေးရုံအုပ်) ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ (ရန်ကုန်)က "ICD 10 CODE များနှင့် အနာဂတ်တိုင်းရင်းဆေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တိုင်းရင်းဆေး ဆရာ ဆရာမများ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကြေးမုံ



ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နယ်ထိန်းအရာရှိ ရဲအုပ် ကျော်မိုးငြိမ်းက မှုခင်းကျူးဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြောစဉ်။

ကြေးမုံ





## မန်စီးတီးဟာ လီဗာပူးရဲ့အကြီးမားဆုံးစိန်ခေါ်သူဖြစ်နေဆဲဟု ဂျေမီရက်နက်ပြောကြား

မန်စီးတီးအသင်းဟာ လီဗာပူးအသင်းရဲ့ ပထမဆုံးအကြိမ် ရယူမယ့် ပရီမီယာလိဂ်ဖလားလမ်းကြောင်းမှာ အကြီးမားဆုံး စိန်ခေါ်သူဖြစ်နေဆဲဖြစ်တယ်လို့ လီဗာပူးကွင်းလယ်ကစားသမားဟောင်း ဂျေမီရက်နက်က ပြောကြားလာပါတယ်။

နည်းပြဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ စနေညက အီတီဟက်ဒ်မှာ အမှတ်ပေးဇယားဒုတိယနေရာက လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်စတာစီးတီးအသင်းနဲ့ တစ်မှတ်အကွာ၊ လီဗာပူးအသင်း ပွဲစဉ် ၁၈ မကစားမီ လီဗာပူးအသင်းနဲ့ ၁၁ မှတ်အကွာအနေအထားကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက်မှာ နိုင်ပွဲပြန်လည်ရရှိလာခဲ့၍ ပရီမီယာလိဂ်ဖလားကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်မယ့်အခွင့်အရေးကရှိနေဆဲဖြစ်တယ်လို့ ဂျေမီရက်နက်က သူ့ရဲ့ယုံကြည်ချက်ကို ပြောကြားလာတာဖြစ်ပါတယ်။

ဒါပေမယ့် နည်းပြကလော့ရဲ့ လီဗာပူးအသင်းဟာ ဖလာမန်ဂိုးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကမ္ဘာ့ကလပ်အသင်းများဖလားချန်ပီယံအဖြစ် ၁၂၇ နှစ်အတွင်းမှာ ပထမဆုံးအကြိမ် အောင်ပွဲခံနိုင်ခဲ့ပြီး ၁၉၉၀ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ်ဖလားကို ရယူနိုင်ဖို့ ရှိနေပြီဖြစ်ကြောင်း ကာရေဂါက အခိုင်အမာပြောကြားခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဇန်နဝါရီဈေးကွက်တွင် တိုက်စစ်မှူးခေါ်ယူမည်မဟုတ်ဟု ဇီဒန်းပြောကြား



ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက လာမယ့်ဇန်နဝါရီဈေးကွက်အတွင်းမှာ တိုက်စစ်မှူးခေါ်ယူမှာမဟုတ်ကြောင်း ပြောကြားလာပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဒီဇင်ဘာ ၂၂ ရက်ညပိုင်းက ဘီဘာအိုအသင်းနဲ့ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဘာစီလိုနာအသင်းနဲ့ ရမှတ်တူအနေအထားဖြစ်မယ့် အခွင့်အရေးနဲ့ လွဲခဲ့ရပြီး အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ တိုက်စစ်ပိုင်းဂိုးသွင်းခြေကျဆင်းခဲ့မှုကြောင့်ဖြစ်ပေမယ့် ဇန်နဝါရီဈေးကွက်အတွင်းမှာ ကစားသမားခေါ်ယူမှုပြုလုပ်မှာမဟုတ်ကြောင်းနဲ့ နောက်ဆုံး လေးငါးလအတွင်းမှာအသင်းဟာ အကောင်းဆုံးခြေစွမ်းရရှိခဲ့ကြောင်း နည်းပြဇီဒန်းက ပြောကြားထားပါတယ်။

## လေဗာကူဆင်တိုက်စစ်မှူး ကီဗင်ဗော်လန်ကို အာဆင်နယ်အသင်းက ခေါ်ယူရန်စီစဉ်နေ



အာဆင်နယ်အသင်းဟာ ဂျာမန်ကလပ် လေဗာကူဆင်အသင်းတိုက်စစ်မှူး ကီဗင်ဗော်လန်ကို လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူး ကီဗင်ဗော်လန်ကို ခေါ်ယူဖို့အတွက် ပြီးခဲ့တဲ့ပွဲစဉ်တွေတုန်းက အာဆင်နယ်အသင်းရဲ့ ကင်းထောက်တွေက စောင့်ကြည့်မှုတွေ ပြုလုပ်ခဲ့တယ်လို့လည်း ဆိုပါတယ်။ လက်ရှိမှာ အာဆင်နယ်အသင်းဟာ နည်းပြသစ် အာတီတာကို ခန့်အပ်လိုက်ပြီဖြစ်တာကြောင့် အာတီတာလက်ထက်မှာ ပုံစံကောင်းရရှိရေး တိုက်စစ်ပိုင်းအင်အားဖြည့်တင်းဖို့ စီစဉ်လာတာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဗော်လန်ဟာ ဗဟိုတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ဘယ်ခြေကို အားပြုကစားနိုင်သလို ညာခြမ်းတိုက်စစ်မှာလည်း အကောင်းဆုံးကစားနိုင်သူဖြစ်ပါတယ်။ ဂျာမနီကြယ်ပွင့် ကီဗင်ဗော်လန်ဟာ ၂၀၁၆ ခုနှစ်က ဘွန်ဒက်လီဂါပြိုင်ဘက် ဟော်ဖန်ဟိမ်းအသင်းကနေ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိမှာ လေဗာကူဆင်အသင်းနဲ့အတူ စာချုပ်သက်တမ်း တစ်နှစ်ခွဲကျန်ရှိနေသေးတာ ဖြစ်ပါတယ်။

## အနုပညာ



## ဂျပန်မှာ ရောင်းအားအကောင်းဆုံးသော ကေပေါ့ပ်တေးသံရှင်ဖြစ်လာတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံအတွင်း ရောင်းအားအကောင်းဆုံးသော ကေပေါ့ပ်တေးသံရှင်ဖြစ်လာခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အော်ရီကွန်က ယခုနှစ်မှာ ဂျပန်နိုင်ငံအတွင်း ရောင်းအားအကောင်းဆုံးသော ထိပ်တန်းတေးသံရှင်ငါးဦးရဲ့ အမည်စာရင်းကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါစာရင်းမှာ ထိပ်တန်းသုံးဦးဟာ ဂျပန်တေးသံရှင်တွေဖြစ်ကြပြီး ကေပေါ့ပ်တေးသံရှင်တွေဖြစ်တဲ့ TWICE အဖွဲ့ဟာ အဆိုပါစာရင်းရဲ့ နံပါတ်လေးနေရာမှာ ရပ်တည်နေတာတွေ့ရပါတယ်။ နံပါတ်ငါးနေရာမှာတော့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့ BTS က ရပ်တည်နေကြောင်းလည်း သိရပါတယ်။

